# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၈၃)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## အိမ်နီးချင်းနိုင်ငံများနှင့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများဖောက်လုပ်ရေးလုပ်ငန်းများကို မိမိတို့အစိုးရတာဝန်ယူထားရသည့် ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

အိန္ဒိယ-မြန်မာ- ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးတော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ဒုတိယသမ္မတဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ဦးမြထွန်းဦး၊ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးမျိုးသန့်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်း ၅ နိုင်ငံရှိပြီး ကုန်းလမ်း

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယ – မြန်မာ – ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့် အစီရင်ခံစာတင်သွင်းခြင်းနှင့် ဆုံးဖြတ်ချက်အဆို တင်သွင်းခြင်းတို့သည် မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေမှန်ကို ထင်ဟပ်နိုင်ခြင်းမရှိ

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၈ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၆၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူများနှင့်ဆန့်ကျင်လျက် မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ အစည်းအဝေးကာလအတွင်း ၂၉-၆-၂၀၂၆ ရက်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းမှုပြုလုပ်ခဲ့ပြီး အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကိုလည်း ၆-၇-၂၀၂၆ ရက်တွင် သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ ▼**

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး**

**စာ – ၇ သို့**

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေး**

**စာ – ၁၁ သို့**

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်)

## အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်

မြန်မာတို့၏အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် နှစ်ပေါင်းထောင်ချီတည်တံ့နေပြီး နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ပုံရိပ်ဖြစ်သည်။ ဘိုးဘွားတို့၏အမွေအနှစ်ယဉ်ကျေးမှုကို စဉ်ဆက်မပြတ်ထိန်းသိမ်းပြီးနောင်မျိုးဆက်သစ်များကိုလက်ဆင့်ကမ်းကြရမည်ဖြစ်သည်။ လက်ဆင့်ကမ်းအမွေဆက်လက်ပေးနိုင်ရန်အတွက် လက်ရှိတွင်ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လွန်ခဲ့သည့်သန်းပေါင်းများစွာကတည်းကပေါ်ထွန်းခဲ့သည့် လူသားမျိုးနွယ်၏အစောဆုံးမူလအစ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေတွေ့ရှိခဲ့ပြီး ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် သမိုင်းမတင်မီခေတ်များသည်လည်း မြန်မာ့မြေပေါ်တွင်တစ်ဆက်တစ်စပ်တည်းဖြစ်တည်ပေါ်ပေါက်လာခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၀ တွင် "နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန်တာဝန်ရှိသည် (က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း" ဟူ၍ပြဋ္ဌာန်းထားသည်။ နိုင်ငံအတွင်းမှီတင်းနေထိုင်သူ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိနိုင်ငံကိုချစ်မြတ်နိုးစိတ်၊ တန်ဖိုးထားစိတ်ကိုရင်ထဲမှာကိန်းအောင်းနေရမည်ဖြစ်သည်။ မိမိတို့၏အစဉ်အဆက်ကျင့်သုံးလျက်ရှိသည့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဆက်ကာထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ တိုင်းတစ်ပါးယဉ်ကျေးမှုအပေါ် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးမထားဘဲပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ်လျော့ပါးလာမည်ဖြစ်သည်။ဤသည်ကိုအထူးသတိထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သမိုင်းတင်ခေတ်၊ ပျူခေတ်ယဉ်ကျေးမှုပေါ်ထွန်းခဲ့ပြီး ရှေးပျူမြို့ဟောင်းများအသီးသီးထွန်းကားခဲ့သည်။ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာစသည့်ပျူမြို့ဟောင်းများကို ၂၀၁၄ ခုနှစ်က ကမ္ဘာ့အမွေအနှစ်အဖြစ် UNESCO ၏အသိအမှတ်ပြုခံခဲ့ရသည်။ ပျူခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် ပုဂံခေတ်၏ဗိသုကာလက်ရာများသည်လည်း ထူးခြားမြင့်မားလှပြီး အနုပညာ၊ ဗိသုကာပညာရပ်များကို ကိုယ်ပိုင်ဟန်ဖြင့် လက်ရာမြောက်အောင်ဖန်တီးခဲ့ကြသည်။ ပုဂံခေတ်၏ဗိသုကာပညာ၊ နံရံဆေးရေးနှင့် ရေစီမံခန့်ခွဲမှုများသည် ထိုခေတ်ကတီထွင်ဖန်တီးနိုင်မှုနှင့် အဆင့်အတန်းမြင့်မားမှုများကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်သည် ၂၀၁၉ ခုနှစ်တွင် ယူနက်စကို၏ကမ္ဘာ့အမွေအနှစ်အဖြစ်အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

နိုင်ငံတိုင်းတွင် ဒြပ်ရှိယဉ်ကျေးမှုနှင့်ဒြပ်မဲ့ယဉ်ကျေးမှုဟူ၍ရှိကြသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ ပုံပြင်၊ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ဆယ့်နှစ်လရာသီပွဲတော်များသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများအားလုံးတွင် သူ့အစဉ်အလာနှင့်သူရှိကြသည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များရေရှည်တည်တံ့ထိန်းသိမ်းစောင့်ရှောက်ကြရန်တာဝန်ရှိကြသည်။ မြန်မာတို့၏နှစ်သစ်ကူးပွဲတော်ဖြစ်သည့် မဟာသင်္ကြန်ပွဲတော်မှာ ကမ္ဘာတွင်ထူးခြားထင်ရှားသည့်ပွဲတော်ဖြစ်သည်။

အဆိုပါမြန်မာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည့်(၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် ယူနက်စကို၏လူသားမျိုးနွယ်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ခဲ့သည်။ ဤသည်မှာမြန်မာနိုင်ငံအတွက်ဂုဏ်ယူဖွယ်ဖြစ်သည်။ ဆက်လက်၍လည်း မြန်မာ့သနပ်ခါးယဉ်ကျေးမှုကို ယူနက်စကိုသို့တင်ပြထားပြီး မြန်မာ့ထမနဲကိုလည်း ဆက်လက်တင်သွင်းရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ထင်ရှားသည့်ယဉ်ကျေးမှုအမွေအနှစ်များသာမက တိမ်မြုပ်နေသည့်ယဉ်ကျေးမှုအမွေအနှစ်များနှင့် တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ကာကွယ်ထိန်းသိမ်းဖော်ထုတ်ခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ခေတ်တွင် ဆိုရှယ်မီဒီယာနှင့်အတူပါလာသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများလွှမ်းမိုးမလာစေရန် မိမိတို့၏ရိုးရာယဉ်ကျေးမှုအနုသုခုမများ၊ တိုင်းရင်းသားရိုးရာအကနှင့်ဂီတယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အနှစ်သာရရှိရှိ အဓိပ္ပာယ်အပြည့်ဖြင့်ကျင်းပပေးလျက်ရှိရာ ငွေရတုကိုကျော်လွန်ခဲ့ပြီဖြစ်သည်။ အဆိုပါမြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံဖြင့်သီးခြားရပ်တည်နေခြင်းဖြစ်သည်။ ထူးခြား၍ ခက်ခဲလေးနက်သော ပညာရပ်၊ စည်းကမ်းစနစ်ခိုင်ခိုင်မာမာရှိသော ပညာရပ်များဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီသည် မြန်မာနိုင်ငံနှင့်မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့်ဂုဏ်ဒြပ်နှင့်အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များရေရှည်တည်တံ့စေရန် ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းမှု၊ ကာကွယ်စောင့်ရှောက်မှုများသည် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးရာရောက်ပြီး နိုင်ငံအတွက်ကောင်းမွန်သည့်ပုံရိပ်ဖြစ်သည်။ ထို့ကြောင့်ပြည်သူအားလုံးက မိမိနိုင်ငံ၏ဂုဏ်သိက္ခာနှင့်သက်ဆိုင်သည့်လုပ်ငန်းဖြစ်သည့်အတွက် အလေးအနက်ထားပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကျိုက်လတ်မြို့နယ်၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကျိုက်လတ် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲကို ဇူလိုင်လ ၈ ရက် နံနက်ပိုင်းတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝေထက်က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ရီရီမြင့်က စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ မူးယစ်ဆေးဝါးသုံးစွဲမှု၏ဆိုးကျိုးများနှင့် လူကုန်ကူးမှုအကြောင်းသိကောင်းစရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးမင်းသန်းက စားသောက်ကုန်များနှင့်ပတ်သက်၍ ဆိုးဆေးများ၊ တာရှည်ခံဆေးများ၏ ဆိုးကျိုးများ၊ သက်တမ်းလွန်စားသောက်ကုန်များ၏ အန္တရာယ်များအကြောင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝေက အားကစားနှင့်ကာယပညာ၊ လေ့ကျင့်ခန်းများအကြောင်းတို့ကို ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ စာအုပ်စာစောင်များ၊ လူကုန်ကူးမှုအကြောင်း၊ ပတ်ဝန်းကျင်သာယာဖို့ စနစ်တကျ အမှိုက်စွန့်ပစ်ကြပါစို့နှင့် မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်းတို့ကာကွယ် စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသပေးရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြပြီး စုစုပေါင်းလူဦးရေ ၆၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

Online Newspaper
မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

▼ **ရှေ့ဖုံးမှအဆက်**

မဟာမင်းကြီး၏အစီရင်ခံစာတွင် ယခင်လူ့အခွင့်အရေးကောင်စီ အစည်းအဝေးများအတွင်း အထူးအစီရင်ခံစာတင်သွင်းသူဟုဆိုသူက တင်သွင်းခဲ့သည့် အစီရင်ခံစာနှင့် အချက်အလက်များကိုသာ ထပ်တလဲလဲ ပြန်လည်ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အဆိုပါအစီရင်ခံစာတွင် အလွန်အမင်း အစွန်းရောက်သောအမြင်များနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကိုသာ ဖော်ပြထားသည့်အတွက် မြန်မာနိုင်ငံ၏ ပကတိ မြေပြင်အခြေအနေကို ကောင်းစွာထင်ဟပ်နိုင်ခြင်းမရှိသည်ကို စိတ်ပျက် ဖွယ်တွေ့ရှိရသည်။

ထို့အပြင် အိုအိုင်စီကတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နေရပ်စွန့်ခွာမှု၏ အဓိကအကြောင်းရင်း (မြစ်ဖျားခံရာ)ကိုဖော်ပြရန် ပျက်ကွက်သည်။ ထိုသို့ပျက်ကွက်မှုက အဆိုပါ ဆုံးဖြတ်ချက် အဆိုများသည် နေရပ်စွန့်ခွာသူများဆိုင်ရာ ပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ပူးပေါင်းဖြေရှင်းလိုမှု ကင်းမဲ့သည်ကို ပြသနေသည်။ ဆုံးဖြတ်ချက်အဆိုတွင် စွပ်စွဲဖော်ပြထားသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အမုန်းစကားဆိုင်ရာ အခြေအမြစ်မရှိ ဖော်ပြချက် များသည် မြေပြင်အခြေအနေနှင့် လွန်စွာကင်းကွာနေသည်ကိုတွေ့ရှိ ရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေး ပြန်လည် ကောင်းမွန်လာပါက နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ စိစစ်ပြီးစီး သည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် စစ်မှန်သော နိုင်ငံရေးဆန္ဒရှိကြောင်း ထပ်လောင်းပြောကြားလိုသည်။ စိစစ်ပြီးစီးသည့် ပြန်လည်ဝင်ရောက်လာသူများကိုလက်ခံရန် မြန်မာ နိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသော လူဦးရေစာရင်း ကိုစိစစ်ပြီး လစဉ် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ဆောင်ရွက်လျက်ရှိ သည်။ စင်စစ်အားဖြင့် လက်ရှိအချိန်တွင် နေရပ်ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှုမှာ AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်ခြင်းများကြောင့်သာဖြစ်သည်။

မြန်မာနိုင်ငံ၌ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် နိုင်ငံတော်၏ လွှတ်တော်များနှင့် ရွေးကောက်ခံအစိုးရတစ်ရပ်ပေါ်ပေါက်နေပြီဖြစ်သည်။ ထို့အပြင် နိုင်ငံ တော် သမ္မတသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ကာလကို ပြည်ထောင်စုအစိုးရ၏ ရက် ၁၀၀ စီမံကိန်း အကောင်အထည် ဖော်မှုကာလအဖြစ် သတ်မှတ်ခဲ့ပြီး ယင်းကာလအတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ များပြုလုပ်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များနှင့် လက်မှတ် မထိုးရသေးသည့် အဖွဲ့များအားလုံးကို ထပ်မံဖိတ်ခေါ် ခဲ့သည်။ ထို့အပြင် PDFs အဖွဲ့ဝင်များကိုလည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက် ရန် ဖိတ်ခေါ်ကမ်းလှမ်းထားသည်။ ယင်းကဲ့သို့သော စဉ်ဆက်မပြတ် ဖိတ်ခေါ်မှုများကြောင့် လက်ရှိအချိန်အထိ PDFs အဖွဲ့ဝင်များအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့မှ စုစုပေါင်းအင်အား ၄၀၀၀ ဦး ကျော် ဥပဒေဘောင်ထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင် လုပ်ငန်းစဉ်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် မမိုတ်မသုန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်လျက်ရှိစဉ်အတွင်း လူ့အခွင့်အရေးကောင်စီမျက်နှာစာ ၌ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်သည့်ဆွေးနွေးမှုများပြုလုပ် ခြင်းနှင့် ဆုံးဖြတ်ချက် အဆိုများတင်သွင်းခြင်းတို့သည် အပြုသဘော ဆောင်သောဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်ရေးကို အထောက်အကူမပြုသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကို အစဉ်တစိုက်ဆန့်ကျင်သည်။ သို့ဖြစ်ရာ အိုအိုင်စီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ခြွင်းချက်မရှိ ပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့် ဆွေးနွေးမှုများအတွင်း မျှတစွာ ရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသောနိုင်ငံများကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

## မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာ မိုးနှမ်းအထွက်တိုးစံပြကွက် သိပ္ပံနှမ်းနက်စိုက်ခင်း ကွင်းဆင်းကြည့်ရှု



မြို့သစ် ဇူလိုင် ၉

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက မြို့သစ်မြို့နယ် ရေပြည့် ကျေးရွာအုပ်စု ရေပြည့်ကျေးရွာရှိတောင်သူ ဦးခင်ရွှေ၏ မိုးနှမ်းအထွက်တိုး စံပြကွက် သိပ္ပံနှမ်းနက် ၁၀ ဧကစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကို ကွင်းဆင်းကြည့်ရှု သည်။

ထို့နောက် မြေပြင်သာကျေးရွာရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ များနှင့်သွားရောက်တွေ့ဆုံပြီး ဆရာ၊ ဆရာမ များအတွက် ဆန်၊ ဆီနှင့် ကုလားပဲ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ် ကာ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ ရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေး အတတ်ပညာဖြင့် မြန်မာတစ်နိုင်ငံလုံး တွင် (Top 6 နှင့် Top 7) ရရှိခဲ့သည့် ကျောင်း သားနှစ်ဦးအား ဂုဏ်ပြုငွေများ ပေးအပ် သည်။

ယင်းနောက် နတ်မောက်ဆည်ရေ သောက်စနစ်မှ မိုးစပါး၊ နွေစပါးနှင့် နွေနှမ်း ဧကစုစုပေါင်း ၂၀၀၀၀ ကျော်အတွက် ရေပေး ဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းငါးဖယ်ပိသာအများအပြား တင်ပို့ရောင်းချခဲ့

ဝါးခယ်မ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးဖယ်ပိသာအများ အပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်၌ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဌေး ဌေးဦး၏ပြောပြချက်အရ သိရသည်။

"ပြီးခဲ့တဲ့ဇွန်လက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအားကောင်း ခဲ့တယ်။ တစ်လအတွင်း ငါးဖယ်ပိသာ ၅၂၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ပါတယ်"ဟု ဒေါ်ဌေးဌေးဦးကပြောသည်။

ဝါးခယ်မမြို့နယ်၌ ရေထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ သည် ဒေသတွင်းမှထွက်ရှိသည့် ငါးဖယ် များကို စနစ်တကျစစ်ဆေးပြီး ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့်မေလက ငါးဖယ်ပိသာ ၄၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ကာ ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလ အတွင်း ငါးဖယ်ပိသာ ၅၂၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

သုတကျော်

## (၉-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၂ ~ ၃၆၆၈ | ၅၅၇.၄ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၂၇၈,၀၁၇.၃၂ | ၆,၁၇၈,၂၆၅.၀၀ | ၄၄,၅၂၄,၆၃၆.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှု ကုန်ကြမ်း၊ ဂျုံ၊ အီလက်ထရောနစ်ပစ္စည်း၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန် ဒေါ်လာ ၁.၁၆ သန်းအား စားသုံးဆီတင်သွင်းသည့်ကုမ္ပဏီများသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၁၀ သန်းအား CMP ကုမ္ပဏီများသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၀.၀၀ သန်းအား LNG တင်သွင်းသည့်ကုမ္ပဏီသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြဝတီ ကာတွန်း



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဝန်ထောက်ကတော်လည်း နားမလည်သဖြင့် ကိုင်၍ကြည့်နေရာ မောင်ထွန်းမြတ်သည် ၎င်းပစ္စည်းကို လေမှုတ်သွင်းပြီး ကြိမ်ကုလားထိုင်ပေါ်သို့တင်၍ ဝန်ထောက်ကတော်ကို ၎င်းကုလားထိုင်ပေါ်သို့ ထိုင်စေပြီးလျှင် –

"ဘယ့်နှယ်လဲ ဒေါ်ဒေါ်၊ ထိုင်လို့ သက်သာပါစ"ဟု မေးလျှင်–

ဝန်ထောက်ကတော်သည် မိမိမှာ လူမမာဖြစ်သည့်အတွက် ထိုင်၍ချည်းနေရသည်ကို သတိရ၍ ဝယ်လာခဲ့ရှာသည်ဟု သိသဖြင့် များစွာကျေးဇူးတင်စကားပြောလျှင် မောင်ထွန်းမြတ်သည် အခြားအထုပ်တစ်ခုကိုဖြေလျက် "ဒီဟာကတော့ အိမ်ကအစ်မကြီးဖို့" ဟုဆို၍ ဖဲပဝါကြီးတစ်ခုကို ဖြန့်၍ပြလေ၏။

ဝန်ထောက်ကတော်ကြီးလည်း အဆင်အသားနှင့် အလျားအနံတို့ကို သေချာစွာကြည့်ပြီးသော် "နံကြီးလျားရှည် အသားလည်းတယ်ကောင်း၊ ဘယ်လောက်နဲ့ဝယ်ခဲ့သလဲ"ဟု မေးရာ –

"ဒေါ်ဒေါ့်ကို ကျွန်တော်ပြောရင် အစ်မကြီးတော့ မပြောလိုက်ပါနဲ့နော်၊ သူ့ပြောရင်ဖြင့် ပိုက်ဆံကုန်ရှာတယ်လို့ ကျွန်တော့်လည်း ကြိမ်းဦးမယ်၊ ဒီပဝါလည်း စက္ကူနဲ့ပတ်ပြီး သေတ္တာထဲ အောက်ဆုံးကထားတော့မှာ၊ ဘယ်တော့မှထုတ်ခြုံမှာမဟုတ်ဘူး၊ ရွှေဒင်္ဂါးတစ်ပြားပေးခဲ့ရတယ်၊ အစ်မကြီးပြောတော့ ငါးကျပ်လောက်ပြောမှတော်မယ် ဒေါ်ဒေါ်ရဲ့၊ ကဲ . . . ကျွန်တော်လည်း ပြန်ဦးမယ်၊ အစ်မကြီးက ရန်ကုန်ကပြန် သူ့ဆီအရင်မလာဘဲ တခြားဝင်နေတာသိမှဖြင့် ကျွန်တော်အဆူခံရလိမ့်ဦးမယ်"ဟု ဆို၍ သားအမိနှစ်ယောက်စလုံး နှုတ်ဆက်ပြီးလျှင် ဖဲပဝါထုပ်ကို အိတ်ထဲ

> **"မောင်ထွန်းမြတ်၏ဖခင် သေလွန်သူ မြို့အုပ်ကြီးသည် မိမိရီ၏မိခင် ဝန်ထောက်ကတော်ကြီးနှင့် ဆွေမျိုးတော်စပ်သဖြင့် မောင်ထွန်းမြတ်တို့မောင်နှမမှာ ငယ်ရွယ်စဉ်ကစ၍ ဝန်ထောက်ကြီး၏ အိမ်သို့ သွားလာဝင်ထွက်နေထိုင်ခဲ့ရာ ဝန်ထောက်ကြီးတစ်အိမ်သားလုံးနှင့် များစွာချစ်ခင်အကျွမ်းဝင်ကြကုန်၏။ မောင်ထွန်းမြတ်လည်း ငယ်စဉ်အခါ၌ မိမိရီ၊ မိမိကြည်တို့နှင့် ကစားခုန်စား ထိုးလားသတ်ပုတ် နေထိုင်ခဲ့ကြရာ မောင်နှမအရင်းအချာကဲ့သို့အောက်မေ့၍ အကြီးဖြစ်သူ မိမိကြည်မှာ မိခင်ကဲ့သို့ သိမ်မွေ့နူးညံ့သောစိတ်သဘောရှိရာ မောင်ထွန်းမြတ်နှင့် အစဉ်မပြတ် သင့်မြတ်ကြ၍ အငယ်မိမိရီမှာ ဖခင်၏စိတ်သဘောပါရှိသဖြင့် မောင်ထွန်းမြတ်နှင့် မကြာမကြာ ခိုက်ရန်ဖြစ်တတ်ကြ၏. . ."**

ထည့်၍ အိမ်ပေါ်မှဆင်းသွားလေ၏။

မိမိရီလည်း နောက်ကဆင်းလိုက်သွားပြီးလျှင် ဝင်းတံခါးအနီးသို့ရောက်ခါနီးတွင် "ကိုထွန်းမြတ်တို့များ အလျှင်လိုလိုက်တာရှင်၊ အိမ်ပေါ်တက်ပြီး ချက်ချင်းပြန်ဆင်းသွားတာပဲ"ဟု နှုတ်ခမ်းကို မသိမသာစူ၍ ပြောလျှင် –

"မဟုတ်ဘူး မိမိရီရဲ့၊ အိမ်ကအစ်မကြီးက သူများနဲ့တူတာမဟုတ်ဘူး၊ မိမိရီလည်း အသိသားပဲ၊ ဒါနဲ့ ဒေါ်ဒေါ့်ကြည့်ရတာ အရင်ကထက်ပဲ အားနည်းနေတယ်ထင်တယ်"

"ဟုတ်တယ် မနေ့ညကပဲ အိပ်မက်မက်ပြန်ပြီ၊ ဒီလိုပဲ မေမေက ဒီအိပ်မက်မျိုးမက်တိုင်းပဲ စိတ်မချမ်းမသာဖြစ်ရတယ်"

"ဘာအိပ်မက်လဲ"

"မောင်ကြီးအကြောင်း အိပ်မက်တဲ့ရှင်၊ လူသတ်မှုဟာပေါ့"

"မေမေ့အိပ်မက်ထဲမှာတော့ ဒီထွန်းဖေဆိုတဲ့အကောင်ကလေးလည်း ဒီအထဲမှာပါနေသတဲ့၊ မပြောတတ်ပါဘူးရှင်"

"ဒေါ်ဒေါ်က အားနည်းနေတဲ့အခါမှာ စိတ်ကလည်းစွဲလို့မက်တာပါ မိမိရီရယ်၊ ဒီအကြောင်း စိတ်မစွဲပါနဲ့လို့ မိမိရီက မပြောဘူးလား"

"ကျွန်မလည်း ဒီလိုပြောတာပဲ၊ ပြောပေမယ့် မေမေက မရပါဘူး၊ အိပ်မက်မက်တိုင်းချည်းပဲ သူ့မှာဒုက္ခဖြစ်ရတယ်"

"ဒါနဲ့ ကျွန်မအတွက် ဒီရွှေကြိုးကလေးဝယ်ခဲ့တဲ့အတွက် အများကြီးကျေးဇူးအပုံကြီး . . ."

"ကျေးဇူးတင်စကား ခဏခဏပြောနေရင် နောက်ကို ဘယ်တော့မှဝယ်မလာဘူးမှတ်ပါ၊ ကျေးဇူးတင်လောက်တဲ့ဥစ္စာလည်း မဟုတ်ပါဘူး၊ ကျေးဇူးတင်ချင်ရင်လည်း ကဲ ... ဒါနဲ့ ကျေကြရော" ဟု ဆိုလျက် မိမိရီ၏ပါးကို လက်ဖြင့်အသာလိမ်၍ တံခါးကို လက်ဖြင့်ဖွင့်ပြီးလျှင် အပြင်ဘက်သို့ရောက်မှ လှည့်၍ "နောက်ကိုဘာမှဝယ်မပေးဘူးလို့ မပြောနဲ့နော် သွားဦးမယ်" ဟု ပြုံးရယ်ကာပြောလျက် အိမ်သို့ပြန်သွားလေ၏။

မိမိရီလည်း တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထလျက် လရောင်တွင် တဖြည်းဖြည်းဝေး၍ဝေး၍သွားသော မောင်ထွန်းမြတ်၏ရုပ်ကိုကြည့်လျက် မမြင်နိုင်သောအခါမှ အိမ်ဘက်သို့လှည့်ပြီးလျှင် အိမ်ပေါ်သို့ တက်သွားလေ၏။

မောင်ထွန်းမြတ်၏ဖခင် သေလွန်သူ မြို့အုပ်ကြီးသည် မိမိရီ၏မိခင် ဝန်ထောက်ကတော်ကြီးနှင့် ဆွေမျိုးတော်စပ်သဖြင့် မောင်ထွန်းမြတ်တို့မောင်နှမမှာ ငယ်ရွယ်စဉ်ကစ၍ ဝန်ထောက်ကြီး၏အိမ်သို့ သွားလာဝင်ထွက်နေထိုင်ခဲ့ရာ ဝန်ထောက်ကြီးတစ်အိမ်သားလုံးနှင့် များစွာချစ်ခင်အကျွမ်းဝင်ကြကုန်၏။ မောင်ထွန်းမြတ်လည်း ငယ်စဉ်အခါ၌ မိမိရီ၊ မိမိကြည်တို့နှင့် ကစားခုန်စား ထိုးလားသတ်ပုတ် နေထိုင်ခဲ့ကြရာ မောင်နှမအရင်းအချာကဲ့သို့အောက်မေ့၍ အကြီးဖြစ်သူ မိမိကြည်မှာ မိခင်ကဲ့သို့ သိမ်မွေ့နူးညံ့သောစိတ်သဘောရှိရာ မောင်ထွန်းမြတ်နှင့် အစဉ်မပြတ် သင့်မြတ်ကြ၍ အငယ်မိမိရီမှာ ဖခင်၏စိတ်သဘောပါရှိသဖြင့် မောင်ထွန်းမြတ်နှင့် မကြာမကြာခိုက်ရန်ဖြစ်တတ်ကြ၏။

မိမိရီသည် အိမ်ပေါ်သို့ရောက်၍ မိခင်အား "နေလို့ကောင်းပါရဲ့လား မေမေရဲ့" ဟု မေး၍ စမ်းသပ်ကြည့်ပြီးလျှင် ပြတင်းပေါက်တစ်ခုအနီးရှိ ကုလားထိုင်ပေါ် ထိုင်လျက် လရောင်ကိုကြည့်ပြီး စိတ်ကူး၍နေလေ၏။

စိတ်ကူးထဲ၌ မိမိရီသည် မောင်ထွန်းမြတ်နှင့်အကြောင်းပါ၍ မြို့ပေါ်ရှိ အရာရှိ၊ အရာခံဂုဏ်ထူးရှိသမီးအပေါင်းတို့က ခြုံစုလျက်ရှိကြသည့်အတွင်း ညနေအေးချိန် ဒေါက်ကပ်နှင့် လင်မယားနှစ်ယောက်တွဲစီး၍အသွား အိမ်နီးချင်း နယ်ပိုင်ဝန်ထောက်မင်းသမီးနှင့် ဒေါက်ကပ်ချင်းဆုံမိကြလျှင် မော်ကြွားလိုသောမျက်နှာထားဖြင့် ပြုံး၍နှုတ်ဆက်လိုက်ရာ ဒေါက်ကပ်ချင်းတိုက်မိသဖြင့် မောင်ထွန်းမြတ်၏လက်မောင်းကို ကိုင်လိုက်သကဲ့သို့ စဉ်းစားရင်း လှမ်း၍ကိုင်လိုက်ရာ ပြတင်းတံခါးကိုကိုင်မိသဖြင့် ကိုယ့်လိပ်ပြာကို ကိုယ်ရှက်သဖြင့် ပြုံးရယ်မိလေ၏။

ထို့နောက် ဆက်လက်၍ စိတ်ကူးပြန်သည်မှာ–

"ငါလည်း အထင်တော့ အထင်သားပဲ၊ ယနေ့ညတော့မှ သေသေချာချာသိရပေတော့တယ်၊ နောက်တော့ ဘာမျှမပေးဘူးလို့မပြောနဲ့နော်တဲ့၊ ဒါဘာဆိုတဲ့အဓိပ္ပာယ်လဲ၊ ငါ့ပါးလိမ်တာပြောတာလား သို့မဟုတ် ရွှေကြိုးပေးတာပြောတာလား၊ ကွဲကွဲပြားပြားဖွင့်ပြောလိုက်ပါတော့ ကိုထွန်းမြတ်ရယ်၊ တစ်နေ့နေ့တော့ အမှန်ပြောမှာပါပဲလေ၊ ဒီတော့များ သူ့အိမ်က အစ်မတော်ဘုရားကြီးက ဝင်ပြီးလျှာရှည်နေတဲ့နောက်..."

ဤသို့စဉ်းစားနေဆဲတွင် မိမိ၏ဝင်းအတွင်း စိန်ပန်းပင်ရိပ်အောက်မှ လူတစ်ယောက်သည် ရုတ်တရက်ထွက်၍ မိမိရီအား လက်ယပ်ခေါ်ပြီးလျှင် အရိပ်အောက်သို့ ဝင်သွားလေ၏။

မိမိရီလည်း မည်သို့သောသူသည် မည်သည့်အဓိပ္ပာယ်နှင့် ခေါ်နေသည်မသိသဖြင့် ထပ်၍ကြည့်ပြန်ရာ လူတစ်ယောက်သည် အရိပ်မှထွက်လာပြန်၍ အလွန်အရေးကြီးသည့်လက္ခဏာနှင့် လက်ယပ်ခေါ်ပြန်ပြီးလျှင် အရိပ်တွင်းသို့ ဝင်သွားပြန်၏။ မိမိရီလည်း မိမိအား လက်ယပ်ခေါ်သည်ကို အသေအချာသိရလျှင် ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်သော်လည်း ထိုသူသည် အကြောင်းတစ်စုံတစ်ရာထူး၍ ပျာယီးပျာယာနှင့်ခေါ်သည့်လက္ခဏာနှင့် တူသည်ဟုအောက်မေ့၍ ရဲရင့်သောသဘောလည်းရှိသည်နှင့် စိတ်ကိုတင်းပြီးလျှင် မိခင်အား–

"မေမေ ကျွန်မ ဖေဖေ့ကို ဝင်းနားသွားကြိုဦးမယ်"ဟု ပြောပြီးလျှင် တဘက်ယပ်ကိုခြုံ၍ အိမ်ပေါ်မှဆင်းသွားလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကံမမြို့နယ်၌ မြို့နယ်အဆင့် အရန်သားဖွားဆရာမများ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာဆွေးနွေးပွဲကျင်းပ

ကံမ ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အရန်သားဖွားဆရာမများ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲကို ဇူလိုင်လ ၈ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးသက်လွင်ဦးနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အရန်သားဖွားဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးသက်လွင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသက်ဦးဟန်က ဆွေးနွေးပွဲဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင်လ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာကျင်းပလျက်ရှိပြီး ကံမမြို့နယ်အတွင်းရှိ ကျေးရွာများမှ အရန်သားဖွားဆရာမ ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ကျွန်းလှမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ



ကျွန်းလှ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ဇီးတောကျေးရွာ ကွင်းအမှတ်(၂၉၉) တောင်သူ ဒေါ်သောင်းငွေ၏ လယ်မြေငါးကေ၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇူလိုင်လ ၈ ရက်က ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရာ၌ ကြိုးတန်း ၁၀ တန်း တစ်တန်းလှပ်စိုက်ပျိုးခြင်းဖြင့် အပင်ကြီးထွားမှုမြန်ခြင်း၊ ပေါင်းထိုး၊ တမန်းနှိုးလွယ်ကူခြင်း၊ ပေါင်းမြက်ကင်းရှင်းခြင်း၊ ရင့်မှည့်ညီညာ၍ ရိတ်သိမ်းချိန် အလေအလွင့်နည်းပါးခြင်း၊ သီးနှံအထွက်နှုန်းပိုမိုထွက်ရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၅၆၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ ၇၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**◆ ကျောဖုံးမှအဆက်**

**မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ထူးခြားသည့်ယဉ်ကျေးမှု၊ သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ပင်လယ်ကမ်းခြေ၊ ကမ်းရိုးတန်းဒေသများ၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများသည် ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်စေသည့် ခရီးသွားအရင်းအမြစ်များစွာရှိ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရီးသွားအရင်းအမြစ်များအပေါ်မူတည်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်လိုအပ် . . .**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ယနေ့အစည်းအဝေးကျင်းပသည့်ရည်ရွယ်ချက်မှာ ပြီးခဲ့သည့် (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးတင်ပြချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကို သိရှိသုံးသပ်နိုင်ရန်နှင့် မိမိတို့အစိုးရတာဝန်ယူနေသည့် ကာလအတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည်ပထဝီအနေအထားအရ အချက်အချာကျသည့်နေရာတွင် တည်ရှိပြီး ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ထူးခြားသည့်ယဉ်ကျေးမှု၊ သဘာဝအလှအပများ၊ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ပင်လယ်ကမ်းခြေ၊ ကမ်းရိုးတန်းဒေသများ၊ မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေသည့် ခရီးသွားအရင်းအမြစ်များစွာရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရီးသွားအရင်းအမြစ်များအပေါ်မူတည်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization–DMO) များသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ခရီးစဉ်ဒေသများအလိုက် DMO အဖွဲ့များကို ခိုင်ခိုင်မာမာဖွဲ့စည်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်အတွက်ခရီးစဉ်ဒေသအချို့ကိုလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲနိုင်ရေးနှင့်လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံကို ပြည်ပခရီးသွားများ လာရောက်လည်ပတ်ကြသည့်အခါတွင် လွယ်ကူချောမွေ့စေရေးဖြေလျှော့ပေးရန်အတွက် ဗီဇာကိစ္စဖြေလျှော့ပေးသင့်သည်များ ဖြေလျှော့ပေးရေး၊ လုံခြုံစိတ်ချစွာ ခရီးသွားလာရေးကိစ္စ၊ အာမခံဝယ်ယူရေးကိစ္စနှင့် ငွေကြေးသုံးစွဲမှုလုပ်ငန်းစဉ်များတွင် အဆင်ပြေအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ရှိရင်းစွဲထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေနှင့် လမ်းညွှန်ချက်များကို ကျော်လွှန်ဆောင်ရွက်ရန်မဟုတ်ဘဲ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင်ပြေချောမွေ့အောင် လိုအပ်သည်များကို မိမိတို့တတ်နိုင်သည့်ဘက်မှ သုံးသပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့၏ ခရီးစဉ်ဒေသအလိုက် ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့် နေရာဒေသများ၊ ထင်ရှားသည့် ၁၂ လရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲနှင့် ရိုးရာဓလေ့ပွဲများ၊ ခရီးသွားများစိတ်ဝင်စားမှုရှိသည့် ခရီးစဉ်များကို စနစ်တကျခွဲခြားဖော်ထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် လိုအပ်သည့် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်မြှင့်တင်ရေး၊ ခရီးစဉ်ဒေသအလိုက် ဝန်ဆောင်မှုအဆင့်အတန်းမြင့်မားတိုးတက်စေရေးများကို စီမံခန့်ခွဲနိုင်သည့် ယန္တရားတစ်ရပ်ဖော်ဆောင်ရေးနှင့် ဦးစားပေးခရီးစဉ်ဒေသများ သတ်မှတ်ဖော်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံကို ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေမြှင့်တင်ခြင်းကို စနစ်တကျဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာကခရီးသွားများအကြား မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကိုပိုမိုသိရှိလာစေရေး ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် လုပ်ငန်းရှင်များအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးသွားကြရန်လို**ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲကိစ္စရပ်များနှင့် ဗဟိုကော်မတီသို့ တင်သွင်းလာသည့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ မြဝတီ

# Naypyitaw State Academy အပန်းဖြေရိပ်သာ (Recreation Centre) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပညာရေးဝန်ကြီးဌာန Naypyitaw State Academy အပန်းဖြေရိပ်သာ(Recreation Centre)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ၌ ကျင်းပသည်။




ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ပါမောက္ခချုပ် ဒေါက်တာနုနုလွင်တို့က အပန်းဖြေရိပ်သာ(Recreation Centre)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အမှာစကားပြောကြားပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပါမောက္ခချုပ်ထံ Recreation Centre ကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ကို ပါမောက္ခချုပ်က ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့က Recreation Centre အတွင်းပါဝင်သည့် Fitness Center ခန်းများ၊ Cafeteria ခန်းနှင့် BUDDY Mini mart တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ မြဝတီ

# မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပျော်ကုန်းကျေးရွာကုန်ထုတ်လမ်းဘေးဝဲ/ယာတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် ဝန်ထမ်းများက ပျော်ကုန်းကျေးရွာမှ ဒေသခံပြည်သူများနှင့်အတူ ပျော်ကုန်းကျေးရွာကုန်ထုတ်လမ်းဘေးဝဲ/ယာတွင်စိန်ပန်းပင်၊ ငုစက်ပင်၊ သပြေ ဘူတာပင်၊ မယ်ဇယ်၊ စိန်တန်ချူပင် စုစုပေါင်း အပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၆၀၂)



# မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ



**မူဆယ် ဇူလိုင် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်ထောက်ကူပစ္စည်းများပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၈ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်က အမှာစကားပြောကြားပြီး သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးမျိုးဦးက သင်တန်းသူများအတွက် ဝတ်စုံဖိုးများ ပံ့ပိုးပေးအပ်သည်။

ဆက်လက်၍ မူဆယ်မြို့ အမှတ်(၂၂) မူးယစ်တပ်ဖွဲ့စု တပ်ဖွဲ့စိတ်မှူး ရဲအုပ်သူရိန်ဖြိုးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ရဲမှူးမင်းနိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မြို့နယ်ဥပဒေအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဇော်က ပြည်သူ့စစ်မှုထမ်းဥပဒေများအကြောင်းကို အသိပညာပေး ဟောပြောဆွေးနွေးကြသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာသောဧည့်သည်များနှင့် သင်တန်းသူများကို မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

## ကြို့ပင်ကောက်မြို့နယ် သပြေရုံကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကြို့ပင်ကောက် ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သပြေရုံကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင်လ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သပြေရုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အတိုးရငွေ၊ ကျေးရွာပြည်သူများ၏လုပ်အားတို့ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ သပြေရုံကျေးရွာတွင်းလမ်း အရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအတိုးရငွေ ငွေကျပ် ၇၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

## မြစ်သားမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုး တောင်သူများကို သွင်းအားစု ပစ္စည်းများပေးအပ်

**မြစ်သား ဇူလိုင် ၉**


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ ၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာအေးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က သွင်းအားစုပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ဒေသခံတောင်သူများအား ငွေကျပ်သိန်း ၂၅၀၀ နှင့်ညီမျှသော သွင်းအားစုပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီလာအေး၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြစ်သားမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)




## ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး



**သဲကုန်း ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၈ ရက်က အခြေခံပညာအလယ်တန်းကျောင်း (ချားလျှားကုန်း) ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း(ချားလျှားကုန်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းအိစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအလယ်တန်းကျောင်း(ချားလျှားကုန်း)မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြကာ အခမ်းအနားတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

## အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၃ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့ထားသော အွန်လိုင်းလိမ်လည်မှုဆိုင်ရာတိုက်ဖျက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့၍ ပြည်သူ့လွှတ်တော်တွင်ပေးပို့ခဲ့ရာ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကိုဆွေးနွေးပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ဥပဒေကြမ်းအဖြစ် ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားကြောင်း လွှတ်တော်သို့အသိပေးတင်ပြသည်။

ယင်းနောက် ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် **အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည်အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး**က အာဆီယံအနေဖြင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်ဖော်ပြချက်များနှင့်ဆက်စပ်၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေမှုများသည် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းပြည့်ဝနေသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို ချိုးဖောက်နေသကဲ့သို့ အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်ပါ အခြေခံမူများ၊ ရည်ရွယ်ချက်များကို ချိုးဖောက်၊ ကျော်လွန်လုပ်ဆောင်နေပါကြောင်း၊ အခြေခံမူဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ အသက်သွေးကြောပင်ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်ချမှတ်ထားသည့် ထိုအခြေခံမူများကို မိမိတို့ကိုယ်တိုင်ပြန်လည်ချိုးဖောက်နေသည်ကို အာဆီယံတာဝန်ရှိသူများအားလုံးက သတိပြုကြရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုအခြေအနေများကို အာဆီယံနိုင်ငံများ၊ အာဆီယံခေါင်းဆောင်များ ပိုမိုသိရှိနားလည်သဘောပေါက်နိုင်စေရန်အတွက် အထူးအလေးထား၍ ထိမိသေချာစွာညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံနိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံအား ခွဲခြားဆက်ဆံမှု ဆက်လက်လုပ်ဆောင်နေပါက မြန်မာတို့၏ အမျိုးသားရေးဂုဏ်သိက္ခာအရ အာဆီယံအဖွဲ့မှ နုတ်ထွက်ရန်လိုအပ်ခြင်းရှိ၊ မရှိ ထည့်သွင်းစဉ်းစားကြရန်ဖြစ်ပါကြောင်း အဆိုအားထောက်ခံဆွေးနွေးသည်။

**ပြည်မဲဆန္ဒနယ်မှ ဦးမျိုး(ခ)ဦးမျိုးအောင်**က အာဆီယံ၏ ပဋိညာဉ်ပါအခြေခံမူများသည် အာဆီယံကိုနှစ်ပေါင်းများစွာ စည်းလုံးညီညွတ်စွာ ရပ်တည်စေခဲ့သည့် အခြေခံအုတ်မြစ်များဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံတိုင်း တန်းတူရည်တူရပ်တည်နိုင်ရေး အာမခံပေးထားသောမူများလည်းဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် အခြေခံမူများကိုဖောက်ဖျက်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဖိအားပေးခြင်းနှင့် တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ တန်းတူရည်တူအခွင့်အရေးများရရှိသင့်သည့်အပြင် အာဆီယံအဖွဲ့အစည်းအတွင်း မိမိတို့၏အသံကိုလည်း အပြည့်အဝဖော်ထုတ်ခွင့်ရရှိသင့်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်၊ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွင်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းသည် မည်သည့်အစိုးရမဆို အလေးထားဆောင်ရွက်ရမည့်တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည်အာဆီယံပဋိညာဉ်ကို ကိုယ်တိုင်ချိုးဖောက်နေသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ၏ ကူညီစောင့်ရှောက်မှုအပေါ်တွင် များစွာအသိအမှတ်ပြုပါကြောင်း၊ သို့သော်အာဆီယံ၏ ရပ်တည်ချက်များသည် ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းရန် ခက်ခဲလာသည်ဟု တင်ပြလိုပါကြောင်း၊ အာဆီယံ၏မူဝါဒကို အာဆီယံကိုယ်တိုင် မထိန်းသိမ်းနိုင်ခြင်းသည် ကြီးမားသော ယုံကြည်မှုဆုံးရှုံးရခြင်းဖြစ်ပါကြောင်း၊ ယုံကြည်မှုဆုံးရှုံးရသည့် အဖွဲ့အစည်းသည်ကြီးမားသောအဖွဲ့အစည်းဖြစ်ပါစေ မိမိ၏ဩဇာကို ရေရှည်ထိန်းသိမ်းနိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်သင့်၊ မသင့်အထိ အလေးအနက် စဉ်းစားရမည့်အချိန်ကိုရောက်နေပြီဖြစ်ပါကြောင်း၊ သံတမန်ရေးနှင့် နိုင်ငံခြားရေးဆိုင်ရာဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့အတူ မိမိနိုင်ငံနှင့်ကိုက်ညီသော မြန်မာနိုင်ငံဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့်သာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးအကျိုးစီးပွားများကို ဆက်လက်ကာကွယ်စောင့်ရှောက်ရန်သာဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး**က အာဆီယံသည် မိမိတို့မြန်မာနိုင်ငံ၏ ဖြစ်ရပ်မှန်များကို အခြေခံကျကျမသိဘဲ သွေးထိုးလှုံ့ဆော်မှု သတင်းစကားများကို ကြားသိနားယောင်၍ လက်ရှိအခြေအနေနှင့် သွေဖည်ဆန့်ကျင်သည့် အာဆီယံပဋိညာဉ်စာချုပ်ကို ဖောက်ဖျက်ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အာဆီယံအဖွဲ့၏ မူလရည်ရွယ်ချက်သည် အလွန်ကောင်းပါကြောင်း၊ ဒေသတွင်းနိုင်ငံများအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ စသည့်ကောင်းမွန်သည့်အချက်များကို ထိန်းသိမ်းဖော်ဆောင်ခဲ့သည့်အတွက် ကမ္ဘာကစောင့်ကြည့်ရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးမငြိမ်သက်မှုကြောင့်အစဉ်အလာကောင်းခဲ့သည့်အာဆီယံသည်ပဋိညာဉ်ပါအချက်များကို မျက်ကွယ်ပြုခဲ့ပါကြောင်း။

ထို့ကြောင့်အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည်အာဆီယံနိုင်ငံအားလုံး၏သဘောထားမဟုတ်ဘဲ နိုင်ငံတချို့၏ သဘောထားဟု မှတ်ယူ၍ရပါကြောင်း၊ ယခုအချိန်တွင် အစိုးရသစ်၊ လွှတ်တော်အသစ်ပေါ်ပေါက်ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံကောင်းကျိုးများကို ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အာဆီယံကို ဖြစ်ရပ်မှန်များဖြေရှင်းဆွေးနွေးခြင်းနှင့် မိတ်မပျက်ဆက်ဆံရန်အတွက် တိကျပြတ်သားသည့် အစီအမံများနှင့် ထုတ်ပြန်အသိပေးသင့်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် အချက်များကို သုံးသပ်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်**က အာဆီယံသည် မြန်မာနိုင်ငံ၏ ရေရှည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားပါက အပြန်အလှန်လေးစားမှု၊ အပြုသဘောဆောင်သောတွေ့ဆုံဆွေးနွေးမှုနှင့် အာဆီယံ၏ သဘောတူညီထားသောမူဘောင်များအပေါ်တွင်သာအခြေခံ၍ ပြုမူဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့်သဘောထားများကို ထုတ်ဖော်ပြောဆိုရာတွင် အခြေအနေအရပ်ရပ်ကို မျှမျှတတသုံးသပ်ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ အာဆီယံ၏ သဘောထားတည်ငြိမ်မှုများကို အဖွဲ့ဝင်နိုင်ငံအားလုံးက မျှမျှတတနှင့်ဘက်မလိုက်ဘဲ အကောင်အထည်ဖော်နိုင်မှသာ ရလဒ်ကောင်းများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်ဒေသတွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမြဲလိုလားသော နိုင်ငံဖြစ်သကဲ့သို့ အခြားအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကိုလည်း လေးစားပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနှင့် ဆက်ဆံရာတွင် ဆွေးနွေးညှိနှိုင်းရေးကို အလေးထား၍ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့်ကိုက်ညီမှုမရှိသည့်အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံအခြေခံမူများနှင့်ကွဲလွဲနေပါသဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူလူထု၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်၍ သံတမန်ရေးနည်းလမ်းများဖြင့် လိုအပ်သလိုဆောင်ရွက်နိုင်ရန် ထောက်ခံဆွေးနွေးသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ**က အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် သဘောတူစာချုပ် (Treaty) မဟုတ်ဘဲ

စာမျက်နှာ ၈ သို့ ➜




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပစဉ်။

**➜ စာမျက်နှာ ၇ မှအဆက်**

နိုင်ငံရေးအရေးအရာတွင်လည်း (Political Understanding/ Commitment) သာဖြစ်ပြီး မည်သည့်နိုင်ငံကမှ အတည်ပြုချက် (Ratification)မလုပ်ခဲ့သလို နိုင်ငံရေးအရတိုက်တွန်းချက် (Hortatory Language) မျှသာဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကိုမလိုက်နာပါက အစည်းအဝေးမတက်ရဆိုသည့် ကန့်သတ်ချက်လုံးဝပါဝင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ပဋိညာဉ်တွင်မပါဝင်သည့်အချက်ကို ဖိလစ်ပိုင်အနေဖြင့် ဖန်တီးထည့်သွင်း၍မရသည်ကို ထောက်ပြလိုပါကြောင်း။

နိုင်ငံအချင်းချင်းဆက်ဆံရေးမရှိပါက မိတ်ဖက်ယန္တရားလေဟာပြင် (Counterpart Vacuum) ဖြစ်ပေါ်ပြီး နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သဘာဝဘေးပူးပေါင်းတုံ့ပြန်ရေးများ၊ လူသားချင်းစာနာမှုဆောင်ရွက်ရေးများကို အဟန့်အတားဖြစ်စေပါကြောင်း၊ ကာလရှည်ကြာ ဖယ်ကြဉ်ထားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသည် ပြင်ပအင်အားကြီးနိုင်ငံများက မြန်မာ့အရေးကို ဖိတ်ခေါ်ပြီး ဒေသတွင်းကို အာဏာလွှမ်းမိုးမှုပြုလုပ်နိုင်သည်ကို သတိပြုသင့်ပါကြောင်း၊ ကမ္ဘာကြီး Multipolarity စနစ်ကို ကူးပြောင်းနေချိန်တွင် ဘက်စုံဖွံ့ဖြိုးမှုအလားအလာကောင်းနေသည့် အာဆီယံအဖွဲ့သည် ပို၍စည်းလုံးရမည်ဖြစ်သော်လည်း အခြေခံမူကိုမျက်ကွယ်ပြုပြီး ကန့်သတ်ချုပ်ချယ်မှုများ ဆောင်ရွက်နေသည်ကို စိတ်မကောင်းစွာတွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားသိက္ခာ (National Point of Honour) ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် မှန်ကန်စွာရပ်တည်ခဲ့သည့်အတွက် နုတ်ထွက်စရာမလိုဘဲ အစည်းအဝေးပြီးမှ Statement ထုတ်သည့်အတွက် ဖိလစ်ပိုင်ကသာ ပဋိညာဉ်ကို ချိုးဖောက်သောကြောင့်၎င်းသာ အာဆီယံကနုတ်ထွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ယခုအဆိုသည် အာဆီယံကို စိန်ခေါ်ခြင်းမဟုတ်ဘဲ အာဆီယံပဋိညာဉ် (ASEAN Charter)၊ နိုင်ငံတကာစာချုပ်ဥပဒေနှင့် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေတို့အပေါ်အခြေခံ၍ မိမိတို့၏တရားဝင်ရပ်တည်ခွင့်ကို ပြန်လည်အသက်သွင်းရန် တောင်းဆိုခြင်းသာဖြစ်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို ၂၀၂၁ ခုနှစ် ဧပြီလတွင် ချမှတ်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က မြန်မာနိုင်ငံသည် နိုင်ငံရေးအကျပ်အတည်းကို ရင်ဆိုင်နေရဆဲကာလဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက်သည် အကျပ်အတည်းကိုဖြေရှင်းရန် ရည်ရွယ်သော ယာယီမူဘောင်တစ်ရပ်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ် အကျပ်အတည်းကာလအတွက် ရည်ရွယ်ချက်ဖြင့် ရေးဆွဲခဲ့သောမူဘောင်ကို ယနေ့အချိန်တွင် ဆက်လက်စည်းနှောင်ရန် ဥပဒေရေးရာအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ လုံလောက်သောအကြောင်းပြချက်မရှိတော့ပါကြောင်း၊ အဆိုပါမူဘောင်ကို လက်ရှိမြေပြင်အခြေအနေနှင့်ကိုက်ညီအောင် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြုပြင်ထားသော မူဘောင်တစ်ရပ်ဖြင့် အစားထိုးခြင်းသည် ယခုအခါ တရားဝင်တောင်းဆိုခွင့်ရှိသောအချက်ဖြစ်လာပါကြောင်း။**

**၎င်းအဆိုသည် အာဆီယံနှင့် ထိပ်တိုက်ရင်ဆိုင်ရန် သို့မဟုတ် အာဆီယံမှ ခွဲထွက်ရန် ရည်ရွယ်ခြင်းမဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးတွင် မိတ်ဝတ်မပျက်၊ သံတမန်ကျင့်ဝတ်ကို လေးစားလိုက်နာပါကြောင်း၊ အာဆီယံမိသားစုအတွင်း မိမိတို့၏ ရပ်တည်မှုကို ယခုအချိန်တွင် ပြန်လည်သတ်မှတ်ရမည့်အချိန် ကျရောက်လာပြီဖြစ်ပါကြောင်း၊ အာဆီယံသဘောတူညီချက် (၅) ရပ်သည် မြန်မာနိုင်ငံကို အကန့်အသတ်မဲ့ချုပ်နှောင်ရန်ရည်ရွယ်သည့်ကိရိယာမဟုတ်ဘဲ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်ထားခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ငြိမ်းချမ်းရေးအတွက် သင့်လျော်သော လမ်းကြောင်းသစ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အရေးကြီးသောအဆိုအား ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပေးကြစေလိုကြောင်းထောက်ခံဆွေးနွေးသည်။**

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးအောင်သီဟ**က အာဆီယံအနေဖြင့်အချုပ်အခြာအာဏာပိုင်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ထုတ်ပြန်ချက်တစ်ရပ်အပေါ် အခြေခံ၍ ဝင်ရောက်စွက်ဖက်ခြင်း၊ လိုက်နာစေရန် နိုင်ငံရေးအရ ဖိအားပေးခြင်းတို့သည် အာဆီယံ၏ အခြေခံမူများနှင့် ကိုက်ညီမှုရှိ မရှိပြန်လည်သုံးသပ်ရန်လိုအပ်ပါကြောင်း၊ ထုတ်ပြန်ချက်နှင့် အာဆီယံအခြေခံမူများအကြား ကွဲလွဲမှုရှိသည်ဟု ယူဆပါက အာဆီယံ၏အငြင်းပွားမှုဖြေရှင်းရေးလုပ်ထုံးလုပ်နည်းများ (ASEAN Dispute Settlement Mechanisms) အတိုင်း ဆွေးနွေးညှိနှိုင်း၍ ဖြေရှင်းသင့်ပါကြောင်း။

အာဆီယံအနေဖြင့် ဖိအားပေးမှုထက် အပြန်အလှန်လေးစားမှု၊ တန်းတူရည်တူဆက်ဆံမှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ အာဆီယံအနေဖြင့် ဖိအားပေးသည့်ရပ်တည်ချက်များကိုသာ ဆက်လက်ကိုင်စွဲနေပါက မြန်မာနိုင်ငံ၏ ပကတိအရှိတရားများနှင့် ကင်းကွာသွားနိုင်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံအဖွဲ့အတွင်း ယုံကြည်မှုတို့ကိုပါ ထိခိုက်စေနိုင်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေ၊ လုံခြုံရေးအခြေအနေ၊ တည်ဆဲဥပဒေများနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့် ကိုက်ညီမှု ရှိ မရှိကို ပြန်လည်သုံးသပ်ရန် အချိန်အခါသင့်ပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အတွင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးထောက်ခံတင်ပြခဲ့သောအချက်များ၊ မြန်မာနိုင်ငံ၏ တရားဝင်ရပ်တည်ချက်များနှင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ် အပေါ် သုံးသပ်ချက်များကို လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုစည်းပြုစု၍ အာဆီယံပါလီမန်များအဖွဲ့ (ASEAN Inter–Parliamentary Assembly–AIPA)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လွှတ်တော်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် သက်ဆိုင်ရာအာဆီယံအဖွဲ့ဝင်နိုင်ငံများထံ သံတမန်နည်းလမ်းဖြင့် ပေးပို့ရှင်းလင်းဆောင်ရွက်သင့်ပါကြောင်း၊ သို့ပါ၍ ယခုအဆိုသည် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူရည်တူအခွင့်အရေးကို ကာကွယ်ရန် ရည်ရွယ်သည့် အဆိုဖြစ်သည့်အပြင် အချိန်အခါသင့်၊ အကြောင်းအရာသင့်၊ နိုင်ငံတော်အကျိုးနှင့်ကိုက်ညီသော အဆိုတစ်ရပ်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ချောင်းဆုံမဲဆန္ဒနယ်မှ ဦးစိုးသူ**က အာဆီယံက၂၀၂၁ခုနှစ် ဧပြီလ၂၄ရက်မှ စတင်၍ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြုလုပ်သည့် မြန်မာအရေးဆိုင်ရာ ASEAN ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အာဆီယံဥက္ကဋ္ဌ၏ကြေညာချက် (Asean Five Point Statement)ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အာဆီယံထုတ်ပြန်ချက်(၅) ရပ်အနက် ပထမအချက်ဖြစ်သော အကြမ်းဖက်မှုချက်ချင်းရပ်တန့်စေရန်ဆိုသောအချက်သည်အာဆီယံအခြေခံမူဖြစ်သော ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူကို လျစ်လျူရှုထားသည်ကို တွေ့ရှိရပါကြောင်း၊ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာအာဆီယံအထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ပြီး နိုင်ငံတော်အကြီးအကဲ၊ EAO/ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့သော်လည်း မြန်မာနိုင်ငံဖြစ်တည်မှု အခြေအနေမှန်ကို သုံးသပ်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ အာဆီယံအစည်းအဝေးများတွင်လည်း မြန်မာနိုင်ငံကိုယ်စားလှယ်များ တက်ရောက်ခွင့်မရှိခြင်းသည် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံနေရသည်ကိုတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံသည် ယနေ့ထက်တိုင် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ဝင်တိုင်းရရှိသည့်အခွင့်အရေးတို့ကို ရရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံသည် မြန်မာနိုင်ငံနှင့် ပတ်သက်သော သဘောတူညီချက်များကို လက်ရှိမြန်မာနိုင်ငံရေး အခင်းအကျင်းပကတိအနေအထားအရ သုံးသပ်ပြီး အာဆီယံအဖွဲ့နိုင်ငံတိုင်း ရရှိသောအခွင့်အရေးကို မြန်မာနိုင်ငံလည်းရရှိစေရန် ရည်ရွယ်၍ အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း**က မြန်မာ့အရေး အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို ၂၀၂၁ ခုနှစ်ကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယခုငါးနှစ်ကျော်သက်တမ်းအတွင်း ပြောင်းလဲလာသည့် မြေပြင်အခြေအနေများကို ထင်ဟပ်နိုင်ခြင်းမရှိတော့ပါကြောင်း၊ မြန်မာနိုင်ငံသည်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဆီသို့ တက်လှမ်းနေပြီဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် ပကတိအခြေအနေများနှင့် အပ်စပ်မှုမရှိသော ထုတ်ပြန်ချက်အဟောင်းကို အတင်းအကျပ်ဆက်လက်ဆုပ်ကိုင်မထားဘဲ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားသော ပြင်ဆင်မှု (သို့) ပယ်ဖျက်မှုများဖြစ်လာစေရန် မဆုတ်မနစ်ညှိနှိုင်းရမည်ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည်အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မိမိတို့၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ သို့ပါ၍ အာဆီယံမူဝါဒနှင့် ကွဲလွဲနေပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိပါးနေသော ၎င်းထုတ်ပြန်ချက် (၅)ရပ်ကို ပြင်ဆင် သို့မဟုတ် ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ပကတိအခြေအနေများကို ချပြကာ ပြတ်ပြတ်သားသား ညှိနှိုင်းဆောင်ရွက်သွားရန်တိုက်တွန်းသည့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇)ဦးပြုံးချို**က ယခုအချိန်သည် အခြေအနေကောင်း အချိန်အခါကောင်း ဖြစ်သည့်အတွက် အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် မိမိနိုင်ငံ၏ အခြေခံအကျဆုံးဖြစ်သည့်အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်မစွက်ဖက်ရေးနှင့် အာဆီယံအခြေခံမူများကို သိသာထင်ရှားစွာ ချိုးဖောက်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့်ကိုက်ညီအောင် ပြန်လည်ထိန်းညှိရန်လိုအပ်နေပြီဖြစ်ပြီး ညှိနှိုင်းဆွေးနွေးရန်အဖြေရှာသင့်ပါကြောင်း၊ ပြန်လည်ထိန်းညှိရန် အချက်များတွင်လည်း သီးခြားတောင်းဆိုချက်မဟုတ်ဘဲ အာဆီယံပဋိညာဉ်တွင်ပါဝင်သည့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးလက္ခဏာများ လေးစားလိုက်နာကြရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ရန်၊ တန်းတူညီမှုရရှိရေးတို့ကို ပြန်လည်ရရှိရန် ထိန်းညှိခြင်းသာဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း**က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံနှစ် ၃၀ ပြည့်နှစ်ပတ်လည်နေ့တွင် လာအိုနိုင်ငံနှင့်အတူ ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ အာဆီယံ၏အခြေခံမူများအတိုင်း အခြားနိုင်ငံများ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အာဆီယံ၏ အသိုက်အဝန်းအတွင်း တက်ကြွစွာပူးပေါင်းပါဝင်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နည်းလမ်းအချို့ဖြင့် ကြိုးပမ်းလာသည်ကိုတွေ့ရပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် မိမိတို့နိုင်ငံအား အာဆီယံအဖွဲ့အတွင်း ပြန်လည်ပါဝင်ဆွေးနွေးမှုများပြုလုပ်စေလိုသည်ကို တွေ့ရှိရပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချို့သာ အာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို အပြုသဘောမဆောင်သည့်ဘက်မှ လိုသလို အသုံးချပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့အစည်းအနေဖြင့် နှောင်ရာစုနှစ်ပေါင်းများစွာတိုင်အောင် စည်းလုံးညီညွတ်စွာဖြင့် အခွန့်ရှည်တည်တံ့စွာရပ်တည်နိုင်ရေးအတွက် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးဖြစ်သည့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုကာ ပိုမိုလက်တွေ့ကျပြီး မျှတသည့်နည်းလမ်းများဖြင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်နေပြီဖြစ်ကြောင်း အဆိုအားထောက်ခံဆွေးနွေးသည်။

**ကန့်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ**က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ဝင်ရောက်ချိန်မှစ၍ အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများ၊ ရည်မှန်းချက်များနှင့် မူဝါဒများကို အလေးထားလိုက်နာဆောင်ရွက်ခဲ့ပြီး အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်းအပါအဝင် အာဆီယံအတွင်း မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း ကျေပွန်စွာထမ်းဆောင်ခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများ၏ နှစ်စဉ်ပေးသွင်းရမည့် ရန်ပုံငွေများကိုလည်း မပျက်မကွက်ပေးဆောင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်တွင်ပါဝင်သည့် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်၊ အပြုသဘောဆောင်သည့်ဆွေးနွေးမှုများ ပြုလုပ်ရန်ဆိုသည့် အချက်များအပေါ် ဆောင်ရွက်ချက်များ တိုးတက်မှုမရှိဟု အာဆီယံက သုံးသပ်ထားပါကြောင်း၊ ပြည်သူများရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးတွင် ပြည်သူများပေးအပ်သည့် တာဝန်များကို ထမ်းဆောင်နေကြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်း ရွေးချယ်တင်မြှောက်ခဲ့ပြီဖြစ်ပါကြောင်း။

ပြည်သူများရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရကို အာဆီယံထိပ်သီးအစည်းအဝေးများသို့ ဖိတ်ကြားခြင်းမပြုခြင်းသည် ပေးအပ်ခဲ့သော မြန်မာနိုင်ငံသားများ၏ဆန္ဒကို မျက်ကွယ်ပြုရာရောက်သည့်အတွက် အာဆီယံ၏ မြန်မာနိုင်ငံအပေါ် ထုတ်ပြန်ချက်အား အာဆီယံနိုင်ငံများက ပြန်လည်သုံးသပ်ပေးရန် တိုက်တွန်းအပ်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ချမှတ်ခဲ့သော အာဆီယံဆုံးဖြတ်ချက်များသည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိတိုးတက်ပြောင်းလဲလာသော ပကတိအမှန်တရားများနှင့်လည်း ကိုက်ညီမှုမရှိသည့်အတွက် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်ရှိခဲ့သည့်အတွက် ဆန္ဒမဲပေးမှုရာခိုင်နှုန်းသည် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ပြည်သူများက ၎င်းတို့သဘောဆန္ဒအလျောက် တက်တက်ကြွကြွလာရောက်မဲပေးခဲ့ကြပြီး ရွေးကောက်ပွဲတွင် ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမားမဖြစ်ပွားခဲ့ဘဲ

**စာမျက်နှာ ၉ သို့ ➜**

→ စာမျက်နှာ ၈ မှအဆက်

ပါတီအချင်းချင်းအသေးအဖွဲ့ တိုင်ကြားမှုသာရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်သည်မှာ သိသာထင်ရှားပါကြောင်း။

ရွေးကောက်ပွဲကို နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ လာရောက်လေ့လာခဲ့ကြပြီး အဆိုပါအဖွဲ့များက လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပြီးဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စင်ကာပူ၊ မလေးရှားနှင့် တီမောလက်စ်တေနိုင်ငံများမှအပ ကျန်အဖွဲ့ဝင်နိုင်ငံများက ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခဲ့ကြပါကြောင်း၊ ထို့ပြင် ဧပြီလ ၁၀ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်သမ္မတ၏ ကတိသစ္စာပြုပွဲ အခမ်းအနားသို့လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း။

ယခုဆိုလျှင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူများက ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်တစ်ရပ်ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် သမ္မတရွေးချယ်ရေး အစုအဖွဲ့များက ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော်သမ္မတ ဦးဆောင်သော အစိုးရက နိုင်ငံ၏တာဝန်ကိုထမ်းဆောင်နေခြင်းပင်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည့် အတွက် ပြည်သူများ၏ မျက်နှာကိုထောက်ထားပြီး အစိုးရ၏ ဂုဏ်သိက္ခာနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံအစည်းအဝေးများကို တက်ရောက်နေသော မြန်မာကိုယ်စားလှယ်အဖွဲ့များကလည်း မြန်မာနိုင်ငံ၏ ကတိကဝတ်ထားရှိခဲ့သည့်အတိုင်း ရွေးကောက်ပွဲဆောင်ရွက်ခဲ့မှုများနှင့် နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားလျက်ရှိပါကြောင်း။

၂၀၂၆ခုနှစ်မေလ ၈ ရက်က ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများအပေါ် အာဆီယံနိုင်ငံ့ခေါင်းဆောင်များက ဆွေးနွေးခဲ့ကြပြီး ခေါင်းဆောင်အများစုက ပကတိအခြေအနေမှန်များကို အသိအမှတ်ပြုလက်ခံခဲ့ကာ အပြုသဘောဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ များကို အဆင့်(၃)ဆင့်ဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အချို့သော အာဆီယံနိုင်ငံများသည် ပကတိအခြေအနေမှန်ကို လက်ခံလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ခံ အစိုးရ စတင်တာဝန် ထမ်းဆောင်ပြီးနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မြန်မာနိုင်ငံကို ပြန်လည်ထိတွေ့ဆက်ဆံမှုများပြုလုပ်ပြီး အစည်းအဝေးများတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြုသဘောဦးတည်ဆွေးနွေးမှုများ ရှိလာသည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိအာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ၏ ထုတ်ပြန်ချက်များတွင်လည်း မြန်မာနိုင်ငံအပေါ် ဖိအားပေးဖော်ပြမှုများထက် အာဆီယံဥက္ကဋ္ဌ၏မြန်မာ့အရေးဆောင်ရွက်ချက်များကို အပြုသဘောရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် အာဆီယံနှင့် ဆွေးနွေးဖက် ဆက်ဆံရေးနိုင်ငံများ၏ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွင်လည်း မြန်မာအရေးကိစ္စနှင့်ပတ်သက်၍ ယခင်ကလိုပြင်းပြင်းထန်ထန် ဖိအားပေးပြောကြားခြင်းမျိုးမရှိတော့ဘဲ အပြုသဘောဆွေးနွေးမှုများကို တွေ့ရှိလာရပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံနှင့် အာဆီယံဆက်ဆံရေးကို ပုံဖော်ကြရာတွင် ဆန့်ကျင်ဘက်မီဒီယာများနှင့် မြန်မာနိုင်ငံ၏အကျိုးကို မလိုလားသည့် မီဒီယာများ၏ လိုရာပုံဖော်ရေးသားဖော်ပြမှုများကိုလည်း သတိချပ်စေလိုကြောင်း။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အချို့သောနိုင်ငံများမှ တာဝန်ရှိသူအချို့၊ ခေါင်းဆောင်တချို့၏ အပြုသဘောမဆောင်သည့် ပြောကြားချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကြားသိရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့၏ပြောကြားချက်များသည် ပုဂ္ဂလိကခံစားချက်နှင့် ၎င်းတို့၏ကိုယ်ပိုင်ဆန္ဒအရဖြစ်ပြီး အာဆီယံအဖွဲ့ကြီးတစ်ခုလုံးကို ကိုယ်စားမပြုပါကြောင်း၊ အာဆီယံအဖွဲ့ကြီး တစ်ခုလုံးနှင့် သက်ဆိုင်သည်ဟုလည်း ယူဆ၍မရသည်ကို တင်ပြအပ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအဖွဲ့၏ ပဋိညာဉ်စာတမ်းပါ တူညီဆန္ဒ (Consensus)မူအရ သက်ရောက်မှုတော့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံအဖွဲ့အတွင်း မိမိနိုင်ငံနှင့်ရင်းနှီးသော၊ မိမိတို့ကို ထောက်ခံသည့် သဘောထားပျော့ပျောင်းသော နိုင်ငံအများစုရှိသလို မိမိတို့အပေါ် သဘောထားတင်းမာသည့်နိုင်ငံအချို့ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တူညီဆန္ဒ မရရှိသေးသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါနိုင်ငံများအပေါ် နှစ်နိုင်ငံဆက်ဆံရေးကို သီးခြားစီခွဲခြားသုံးသပ်ပြီး ထိတွေ့ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်သည်ကို သုံးသပ်တင်ပြအပ်ပါကြောင်း၊ အချို့သော အာဆီယံနိုင်ငံများမှအပ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုက မြန်မာနိုင်ငံ အပေါ် ရင်းနှီးသောမိတ်ဆွေနိုင်ငံများအနေဖြင့်ပျော့ပျောင်းသောဆက်ဆံမှုများ၊ အပြုသဘော ဆောင်သောသဘောထားများရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အာဆီယံနိုင်ငံများအနက် မိမိတို့အပေါ် သဘောထားတင်းမာသော နိုင်ငံအချို့ကို သတိထားပြီး ဆက်ဆံသွားမည်ဖြစ်ပါကြောင်း။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း နှစ်လကျော်ကာလအတွင်း အာဆီယံနိုင်ငံများမှ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံတို့က နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများ မြန်မာနိုင်ငံကို လာရောက်ရန်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတအနေဖြင့်လည်း အာဆီယံ၏ ဆွေးနွေးဖက်ဆက်ဆံရေး ထူထောင်ထားပြီး အိမ်နီးချင်း အင်အားကြီး မိတ်ဆွေနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ် (Official Visit) နှင့် တရုတ်နိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံရာတွင် တရုတ်သမ္မတက “မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ချက်များနှင့်တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုကို ထောက်ခံကြောင်း” ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် ခရီးစဉ်အတွင်းထုတ်ပြန်ခဲ့သည့် နှစ်နိုင်ငံ ပူးတွဲ ကြေညာချက်တွင်လည်း “မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည့်အပေါ် တရုတ်နိုင်ငံဘက်မှ ကြိုဆိုပြီး နိုင်ငံအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖော်ဆောင်ရန် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း” ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတ၏အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် တွေ့ဆုံစဉ်ကလည်း အိန္ဒိယဝန်ကြီးချုပ်က “မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာဦးဆောင်သောကြိုးပမ်းအားထုတ်မှုများကိုထောက်ခံကြောင်း ပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအပေါ် အိမ်နီးချင်း၊ အင်အားကြီးနှစ်နိုင်ငံက အားပေးထောက်ခံသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင်နိုင်ငံတော်သမ္မတက လာအိုသမ္မတ၏ဖိတ်ကြားချက်အရ ဇူလိုင်လဆန်းပိုင်းက လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့ပါကြောင်း၊ ခရီးစဉ်အတွင်း လာအိုသမ္မတက မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် လွတ်လပ်မျှတသောရွေးကောက်ပွဲကို အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံအစိုးရအပေါ် အားပေးထောက်ခံပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိရေး တတ်စွမ်းသမျှ ထောက်ခံရပ်တည်ပေးသွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့ပါကြောင်း၊ မကြာမီကာလများတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများသို့ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ရန်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

ထိုအရာသည် မိမိတို့ရွေးကောက်ခံအစိုးရတစ်ရပ်၏ သံတမန်ရေးအရ အောင်မြင်မှုနှင့် တရားဝင်ဖြစ်မှုတို့ကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်း မြန်မာနိုင်ငံနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြန်လည်ထိတွေ့ဆက်ဆံချဉ်းကပ်မှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသည်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မြန်မာ နိုင်ငံကို လာရောက်လျက်ရှိသည့် ခရီးစဉ်များက သက်သေပြနေပါကြောင်း၊ မကြာမီကာလအတွင်းတွင်လည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတစ်ရပ် ကျင်းပသွားရန်ရှိပြီး မြန်မာနိုင်ငံကို ဖိတ်ကြားထားသည့်အတွက် မိမိဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီးကလည်း အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် အာဆီယံအနေဖြင့် မြန်မာအရေးကိစ္စနှင့်ပတ်သက်ပြီး တူညီဆန္ဒ မရရှိသေးသော်လည်း နှစ်နိုင်ငံချင်း ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အပြုသဘောဆောင်သည့်ထိတွေ့ဆက်ဆံမှုများပြန်လည်ရရှိနေပြီး မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ဆက်ဆံရေးသည် ပြန်လည်တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းတွင်လည်း မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်များနှင့် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်မှုများပြုလုပ်ရန် ဆွေးနွေးလျက်ရှိသည်ကို သတင်းမီဒီယာများက ဖော်ပြနေသည်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မဝေးတော့သည့် အနာဂတ်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိသွားမည်ဟုအပြည့်အဝယုံကြည်ပါကြောင်း၊ ထိုကဲ့သို့ရရှိရန်အတွက်လည်း မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ၏ ပကတိအခြေအနေအပေါ် မူတည်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ မိမိနိုင်ငံနှင့် ကိုက်ညီသော မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်တို့နှင့်အညီ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေး၊နိုင်ငံသားများ၏အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုရှင်၏ သဘောထားအားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဇူလိုင်လ ၁၄ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# အခွန်ဆိုင်ရာအသိပညာပေးပွဲကျင်းပ

မော်လမြိုင် ဇူလိုင် ၉

ပြည်တွင်းအခွန်များဦးစီးဌာန မွန်ပြည်နယ်မှ မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား အခွန်ဆိုင်ရာအသိပညာ တိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှု(Tax Campaign) အသိပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးဂျွန်စိန်ဂီက အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေးအတွက် Tax Campaign လူထုလှုပ်ရှားမှု အစီအစဉ်လုပ်ငန်းစီမံချက်ကို ချမှတ်အကောင်အထည်ဖော်ရသည့် အဓိကရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်း သိကောင်းစရာများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား အခွန်နှင့်သက်ဆိုင်သည့် အမေး၊ အဖြေကဏ္ဍများ ဆောင်ရွက်ကြသည်။

အဆိုပါ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေးလူထုလှုပ်ရှားမှုအစီအစဉ် (Tax Campaign) အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၅၀ ဦး ခန့်တက်ရောက်ကြောင်း သိရသည်။

(၄၀၆)

# လမင်းစီမံချက်ဖြင့်ဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ပေးအပ်

မင်းဘူး ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ အတွင်း လမင်းစီမံချက်ဖြင့်ဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များ ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးရဲဇင်လတ်က နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတိုင်းအတွက် အသုံးဝင်အရေးပါပြီး မရှိမဖြစ်လိုအပ်သည့်အတွက် “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့” ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ အတွင်း လမင်းစီမံချက်ဖြင့် လုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်တို့က အမှာစကားများအသီးသီးပြောကြားကြသည်။

ထို့နောက် မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(၄၀၂)

# အင်ဂျင်စွမ်းအားသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြသ

ပဲခူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ပဲခူးမြို့နယ်အတွင်း ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာများဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာကို စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း စသည့်ကောင်းကျိုးများစွာရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ အင်ဂျင်စွမ်းအားသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ရွှေတန်ကျေးရွာအုပ်စု ရွှေတန်ကျေးရွာ ကွင်းအမှတ်(၂၈၈) ဦးပိုင်အမှတ်(၁/၂၈)ရှိ တောင်သူဦးမြင့်ရွှေ၏လယ်မြေ ၃ ဧက၌ ကျင်းပသည်။



အဆိုပါ သရုပ်ပြပွဲတွင် အင်ဂျင်စွမ်းအားသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ်မျက်နှာပြင် ညီညာရန်လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာအနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊ ကောက်ကွက်နှင့်ကောက်ပင်အတိမ်အနက်လိုအပ်သလို ချိန်ညှိစိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့်စိုက်ပျိုးခြင်း၊ ကောက်ပင်လှန်မြန်ခြင်းနှင့် ပင်ပွားအရေအတွက်များများရရှိခြင်း၊ ၁ ဧကောက်ကွက်ပြည့်မီခြင်း၊ အချိန်တိုအတွင်း ဧကများစွာစိုက်ပျိုးနိုင်ခြင်း၊ အချိန်အခါမီစိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များကို မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးခင်ညွန့်က အသေးစိတ်ရှင်းလင်းပြောကြားသည်။

အင်ဂျင်စွမ်းအားသုံးခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ ပဲခူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ စက်မှုလယ်ယာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးဌာန ဦးစီးမှူး ဦးသောင်းထိုက်၊ ပဲခူးခရိုင်/မြို့နယ် စိုက်ပျိုးကြီးကြပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စက်မှုလယ်ယာဦးစီးဌာနမှဝန်ထမ်းများနှင့် ကျေးရွာလေးရွာမှ ဒေသခံတောင်သူများ စုစုပေါင်း ၈၀ ဦး လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၄၁၀)

## ပြိုင်တူလှမ်းဖို့ ဖိတ်ခေါ်သည်

○ အမှောင်ကင်းပျောက်၊ အလင်းရောက်၍
ထွန်းပေါက်နေ့သစ်၊ အရွေ့ဖြစ်ပေါ်
ရွှေပြည်တော်ကို၊ ရည်မျှော်အေးချမ်း
ငြိမ်းချမ်းသည့်ရက်၊ လက်ချင်းဆက်၍
သွက်လက်စိတ်ကူး၊ တူပျော်မြူးဖို့။

○ အရုဏ်နေ့ဦး၊ ပန်းတွေဖူး၍
သီကျူးကျေးငှက်၊ မြူးပျံလျက်နှင့်
အားတက်ဖွယ်ရာ၊ ဥယျာဉ်ရွာလို
ကြည်သာရွှန်းမြ၊ သာယာဝဖို့။

○ ပြည်ထောင်စုဖွား၊ ညီနောင်သားချင်း
ရိုင်းပင်းစိတ်ဓာတ်၊ လှမ်းပတ်မေတ္တာ
မြန်မာစိတ်ရင်း၊ ညီကိုရင်းစုံ
တစ်အုထုံ့ဆင်း၊ မောင်ရင်းနှမ
ရွှင်ပျချစ်ကြည်၊ စည်းလုံးညီစို့။

○ အမုန်းတွေကင်း၊ အပြုံးချင်းဆက်
လင်းလက်ရွှေ့လမ်း၊ ဝမ်းပန်းတသာ
ပျူငှာရိုင်းပင်း၊ သားချင်းအတူ
ဖေးမကူလျက်၊ တွဲလက်မြဲမြဲ
တစ်သက်မခွဲကြေး...
ငြိမ်းချမ်းတေးကို သီဆိုစို့။

○ ဩော်...
သံသယနဲ့၊ ရန်စထွေထွေ
သင်ပုန်းချေရင်း၊ စိတ်တွင်းယိုဖိတ်
မေတ္တာရိပ်မြုံ၊ လုံခြုံငြိမ်းချမ်း
ပေးစွမ်းနိုင်မှု၊ ပြည်ထောင်စုအလံ
မိုးယံမှာလွင့်၊ ပြည်ရွာမြင့်၍
ဝင့်ဝင့်ထည်ထည်၊ တင့်တယ်သောလမ်း
ပြိုင်တူလှမ်းဖို့ ဖိတ်ခေါ်သည်။
သွေးချင်းများတို့ စုံစုံညီ။ ။

အကျော်ပင်

## MWD Education, Knowledge & Sports Channel

၁၀-၇-၂၀၂၆(သောကြာနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၀ Grade-10 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊
၂။ ၁၅:၃၀ မှ ၁၈:၃၅ Grade-10 သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ
၃။ ၁၈:၃၅ မှ ၂၀:၂၀ Grade-10 ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ဧပြီလ ၂၁ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောရွှေဝ၊ စစ်ဦးစီးအရာရှိချုပ် စောဆန်းအောင်၊ စစ်ရေးချုပ် စောစိန်ဝင်း၊ အမှတ်(၁) ကွပ်ကဲရေးမှူး စောထူးအောင်၊ နည်းဗျူဟာမှူး စောအောင်ထူး၊ စီးပွားရေးတာဝန်ခံ စောနေဘလု၊ ကုန်သွယ်ရေးဒုတိယဌာနမှူး စောမြင့်ဦးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့် ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို နောင်မျိုးဆက်သစ်များအတွက် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများနှင့် DKBA အနေဖြင့်လည်း ပတ်သက်မှု မရှိစေချင်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတမှ ဦးစားပေးလုပ်ဆောင်လျက်ရှိပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်းနှင့် ဒေသတည်ငြိမ်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် အခြေအနေများအား ပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောရွှေဝက နယ်မြေတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အား နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ပဋိပက္ခကာလများတွင်လည်း ဘက်မလိုက်ဘဲ ကြားနေ၍ သဟဇာတဖြစ်အောင် တည်ဆောက်ခဲ့ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြာရှည်မှုနှင့် ပြည်သူများခံစားရမှုအခြေအနေများအား နည်းလမ်းများရှာဖွေရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အတူတကွ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ DKBA အဖွဲ့အား တည်ထောင်ခဲ့သည့်ယခင်ခေါင်းဆောင်ကြီးများ၏လမ်းစဉ်အတိုင်း ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက နယ်မြေဒေသတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူတကွ လက်တွဲဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ အကြမ်းဖက်အဖွဲ့များ နယ်မြေအတွင်း မရှိစေရေး၊ ဆုံဆည်းမြိုင်၊ ဝေါလေ၊ ကျောက်ခတ်ဒေသရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းအဆင့်မြှင့်နိုင်ရေး၊ ပြဋ္ဌာန်းစာအုပ်များထောက်ပံ့ပေးရေး၊ ကျောင်းဆရာ၊ ဆရာမများ ဖြည့်ဆည်းနိုင်ရေး၊ ကျေးရွာများတွင် ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါဖြစ်ပွားနေသဖြင့် ကာကွယ်ဆေး၊ ကုသဆေးဝါးများ ထောက်ပံ့ပေးရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးတို့အား ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က DKBA အဖွဲ့များ၏ နယ်မြေများမှ အဓိကနယ်မြေများဖြစ်သော ဝေါလေ၊ ကျောက်ခတ်၊ ဘုရားသုံးဆူတို့တွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကင်းစင်ရေး၊ တပ်မတော်၊ နယ်မြေခံတပ်များ၊ တိုင်းစစ်ဌာနချုပ်၊ ဒေသအစိုးရအဖွဲ့များနှင့် လက်တွဲပူးပေါင်းတိုက်ဖျက်နိုင်ရေး၊ လက်ရှိကရင်ပြည်နယ်အတွင်း ထိတွေ့တိုက်ပွဲများအရ မြေပြင်လုံခြုံရေးအခြေအနေများ၊ စစ်ဆင်ရေးအခြေအနေများနှင့်ပတ်သက်၍ DKBA အဖွဲ့အနေဖြင့် တပ်မတော်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေး၊ ဒေသတည်ငြိမ်ရေး၊ အေးချမ်းရေးအတွက် တိုက်ပွဲများလျှော့ချရပ်တန့်စေမှုမှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အလေးထားလုပ်ဆောင်ရေး၊ နှစ်ဖက်အလွတ်သဘောဆွေးနွေးမှုများမှ တွေ့ဆုံဆွေးနွေးရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည်သော ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများမှ ပိုမိုထိရောက်သော၊ ရိုးသားပွင့်လင်းသော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးတို့အား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးအရာရှိချုပ် စောဆန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကိစ္စရပ်များ ဆောင်ရွက်မှုနှင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ အခြေအနေ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း ဆောင်ရွက်နေမှုနှင့် ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပေးပို့လာသည့် စာရင်းများအပေါ် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့မှုအခြေအနေအားစိစစ်ပြန်ကြားခဲ့မှု၊ ယင်းသို့ဆောင်ရွက်ရာတွင် ပေးပို့သည့်စာရင်းများအား စိစစ်ပြန်ကြားရန် ကြုံတွေ့ရသည့်အခက်အခဲများနှင့် အထောက်အထားအချက်အလက်များ ပြည့်စုံစွာပြုစုပေးပို့ရန်လိုအပ်မှု၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်များနှင့် နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များအဆင်ပြေစေရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၂၇˚C |
| ရန်ကုန် | ၂၆˚C | / | ၃၃˚C |
| မန္တလေး | ၂၇˚C | / | ၃၃˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၉**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားရေးရာကော်မတီအား တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I-6) ရှိတောင်သူလယ်သမားရေးရာ ကော်မတီဝင်များကို သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌဦးမြတ်ကျော်က ကော်မတီ၏လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်၏နေ့စဉ်လုပ်ငန်းစဉ်များအား အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း၊ မိမိတို့၏လွှတ်တော်သက်တမ်း (၅)နှစ်အတွင်း လွှတ်တော်ကို ဂုဏ်သိက္ခာမြင့်မားသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်တစ်ဦးချင်း၏စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားလာမည်ဖြစ်၍ ကိုယ်စားလှယ်များ၏ အရည်အချင်းမြှင့်တင်နိုင်ရေးအတွက် ဥပဒေဆိုင်ရာသင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နောင်တွင်လည်း ကိုယ်စားလှယ်များအတွက် အထောက်အကူဖြစ်စေမည့် သင်တန်းများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏အခန်းကဏ္ဍမြင့်မားတိုးတက်ရေးကို ကော်မတီက ထူးခြားသည့်ခြေလှမ်းများဖြင့် အားဖြည့်ဆောင်ရွက်သွားစေလိုပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြဋ္ဌာန်းထားသည့်တည်ဆဲဥပဒေများအပေါ် လေ့လာသုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ရမည့်ကိစ္စရပ်များကို ခေတ်နှင့်လျော်ညီအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းအပြင် လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် သုံးသပ်ပြီး အသစ်ပြဋ္ဌာန်းပေးရန် လိုအပ်မည့် ဥပဒေများကိုပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အကျိုးစီးပွားနှင့် ပတ်သက်၍လည်း လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်လုံလောက်မှုမရှိပါက လိုအပ်သည့် ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည်ပြည်သူကို ကိုယ်စားပြုသူများဖြစ်သဖြင့် လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အသံများကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ခြင်း၊ လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ဆောင်ရွက်ပေးရပါကြောင်း၊ တောင်သူလယ်သမားများသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့်အပြင် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံလည်းဖြစ်၍ တောင်သူလယ်သမားရေးရာကော်မတီသည် အရေးကြီးသည့်ကော်မတီတစ်ရပ်ဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍လည်း လက်ရှိအခြေအနေများနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ကော်မတီအနေဖြင့် ယနေ့တောင်သူလယ်သမားများ အမှန်တကယ်ကြုံတွေ့နေရသည့် သွင်းအားစုဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးချေးငွေများ အချိန်မီရရှိရေးဆိုင်ရာကိစ္စရပ်များ၊ ထိုက်သင့်သည့်စပါးဈေးနှုန်းရရှိရေးဆိုင်ရာကိစ္စရပ်များအား အသေးစိတ်လေ့လာပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့်လည်း တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် "လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံဈေးနှုန်း ထိန်းညှိရေးကော်မရှင်" တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးရန်အဆိုအား တင်သွင်းပြီး အတည်ပြုပေးခဲ့ပါကြောင်း၊ တောင်သူလယ်သမားများ ရင်ဆိုင်နေရသည့် လယ်ယာမြေပြဿနာများ၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာများ၊ ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ကြွေးမြီသံသရာဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အသေးစိတ်လေ့လာသုံးသပ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအရေးအတွက် နိုင်ငံတော်အစိုးရကလည်း အထူးအလေးထားဆောင်ရွက်နေသည်ဖြစ်၍ မိမိတို့က ပူးပေါင်းကူညီ ဆောင်ရွက်သွားရန်လိုပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများနှင့်သက်ဆိုင်သည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ငန်းစဉ်များကို စိစစ်သုံးသပ်၍အရွေ့တစ်ခုသို့ရောက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ တောင်သူလယ်သမားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တွေ့ဆုံခြင်း၊ အခြားသောအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း၊ NGO ၊ INGO များနှင့် တွေ့ဆုံခြင်းတို့မှ ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ လွှတ်တော်တွင် လယ်သမားများအကျိုးရှေးရှုသည့်မေးခွန်းများ၊ အဆိုများတင်သွင်းဆောင်ရွက်နိုင်သည်အထိ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ကော်မတီအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရေးဥပဒေများ စိစစ်ရာတွင် တောင်သူလယ်သမားများ၏လူမှုစီးပွားဘဝအပြည့်အဝခံစားရရှိစေရန်အတွက် သွင်းအားစုများ ဈေးနှုန်းချိုသာစွာရရှိရေး၊ သီးနှံဈေးနှုန်းတည်ငြိမ်ရေး၊ သီးနှံသိုလှောင်ရေးစနစ်နှင့် ဈေးကွက်ရရှိရေး၊ လယ်ယာနည်းပညာသင်တန်းများနှင့် ရာသီဥတုအလိုက် စိုက်ပျိုးရေး အကြံပြုဝန်ဆောင်မှုပေးခြင်းစသည့်ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိစေရေး လေ့လာဆန်းစစ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ လိုအပ်ပါက Contract Farming Law၊ Crop Insurance Law၊ Agricultural Extended Service Law ၊ Agricultural Marketing Law များနှင့်ပတ်သက်၍ ဥပဒေတစ်ခုချင်းစီကိုသော်လည်းကောင်း၊ အားလုံးကိုလွှမ်းခြုံနိုင်သော တောင်သူလယ်သမားအကျိုးစီးပွားကို ကာကွယ်နိုင်မည့် ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေး ကြိုးစားဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်အတွက် အရေးပါသည့် တောင်သူလယ်သမားများအားကိုးအားထားပြုရသော လွှတ်တော်တစ်ရပ်ဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်းပြောကြားသည်။


တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကော်မတီအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်းသိရသည်။


မြဝတီ

## ● ကျောဖုံးမှအဆက်

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။





### အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# လယ်ယာဘေးထွက်ပစ္စည်းမှသည် တန်ဖိုးမြင့်မှိုစိုက်ပျိုးရေးဆီသို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

“မိုင်းပြာမှုန်ဝေ၊ တိမ်မည်းညိုရိပ်တွေ၊ တောင်ပြန်လေ၊ တပ်လှန့်နှိုး နိုးကြွလာပြီလေ၊ တဖြည်းဖြည်းလာချေပြီလေ၊ ပင်လယ်တွေဖြတ်သန်း၊ ရိုးမအပေါ်လွှားကျော်ကာပေ၊ သူ့ချစ်မိတ်ဆွေ တို့မြန်မာနိုင်ငံပြည် လက်ဆောင်ပါးတဲ့ မိုးပုလဲပန်းတွေ ရွာပါစေလေ အေးအေးချမ်းချမ်းရွာပါစေ” န္တေမိုး၊ဆောင်း ရာသီသုံးခုရှိသည့် မြန်မာနိုင်ငံတွင် ရာသီစက်ဝန်းက အမြဲမပြတ်လည်ပတ်လျက်ရှိရာ ယခုကာလသည်ကား မိုးကာလသို့ ရောက်ရှိနေပြီဖြစ်သည်။

သဘာဝအတိုင်းဆိုပါက မိုးတွင်းကာလ ရာသီဥတုပူအိုက်စိုစွတ်သောအချိန်မှသာ မှိုများ ပေါက်လေ့ရှိသည်။ ရှေးလူကြီးများပြောလေ့ရှိသည့် တစ်နှစ်တစ်ခါပေါ်လို့လာ၊ ငါသာမင်းလောင်း ထီးဖြူဆောင်းဆိုသည့် စကားထာအရ ရှေးအခါက သဘာဝအတိုင်းတစ်နှစ်လျှင် တစ်ကြိမ်သာ မှိုပေါက်လေ့ရှိကြောင်းသိရသည်။ မှိုကလေးတွေ စပေါ်ခါစ၌ ဖြူဖြူနုနုထီးပုံသဏ္ဌာန်လေး ပွင့်အာလာလေ့ရှိသည်၊အထူးသဖြင့်မိုးကာလတွင် သဘာဝအတိုင်းမှိုများ အလေ့ကျပေါက်ရောက်လေ့ရှိပြီး ယာခင်းများ၊ ခြံပုတ်များ၊ တောတောင်များတွင် မှိုရှာသူများဖြင့်စည်ကားနေသည်။ မိုးတွင်းကာလ၌ တောတောင်တွေထဲ၊ တောအုပ်တွေထဲမှာ သဘာဝအလျောက် ပေါက်သည့်မှို (ဥပမာ-မှိုအုန်းနက်၊ တောင်ပို့မှို) များကို လိုက်လံရှာဖွေရသည်မှာ လွယ်ကူလှသည်တော့မဟုတ်ပါ။ မှိုရှာထွက်သူတစ်ဦးအနေဖြင့် တောထဲတွင် အပင်ပန်းခံ ရှာဖွေရင်းဖြင့် မထင်မှတ်ဘဲ ဖွေးခနဲ ပွင့်နေသည့် မှိုအုပ်ကြီးသို့မဟုတ် မှိုပွင့်ကြီးများကို တွေ့လိုက်ရသည့်အခါမျိုးတွင် အတိုင်းမသိဝမ်းသာသွားတတ်ကြသည်။ ထိုအချိန်တွင် ဖြစ်ပေါ်လာသည့် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်နေသည့် မျက်နှာအမူအရာကို အစွဲပြုပြီး လူတစ်ဦးတစ်ယောက် ပျော်ရွှင်နေသည့်အခါ “မှိုရတဲ့မျက်နှာ” ဟုပင် တင်စားသုံးနှုန်းလာကြသည်။

ယခုခေတ်တွင်မူ ကောက်ရိုးအပါအဝင်အခြားသော လယ်ယာဘေးထွက်ပစ္စည်းများကို အသုံးချပြီး မှိုကို ရာသီမရွေးစိုက်ပျိုးလာနိုင်ပြီဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲအောက်ရှိ ဌာနပိုင်မှိုခြံများတွင် မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းများကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါမှိုခြံများတွင် မှိုမျိုးများထိန်းသိမ်းခြင်း၊ မျိုးကောင်း၊ အထွက်ကောင်း၊ အရည်အသွေးကောင်းသည့် မှိုမျိုးများ ဖြန့်ဝေပေးခြင်း၊ မှိုမျိုးသစ်များ စမ်းသပ်မွေးမြူခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ဒေသအသီးသီးမှ တောင်သူများနှင့် မှိုစိုက်ပျိုးရေး စိတ်ဝင်စားသူများ မြင့်တက်လာမှုကြောင့် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ပဲခူး ၁၀ မိုင် ဘက်စုံသင်တန်းကျောင်းတွင် တောင်သူသီးသန့် မှိုမျိုးစုံ မွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းများကို အခါအားလျော်စွာ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းများတွင် မှိုကို မိမိကိုယ်တိုင်မွေးမြူပြီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသဖြင့် မှိုစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်လိုသူများအတွက် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။



ငွေနှင်းမှို စိုက်ပျိုးထားမှု။

**➲ မှိုကိုအခြေခံ၍ မှိုပေါင်းမှုန့်၊ မှိုကော်ဖီ၊ မှိုလက်ဖက်ရည်၊ ဟင်းခတ်မှုန့်များအပြင် အသားအရေထိန်းသိမ်းသည့်ထုတ်ကုန်ပစ္စည်းများနှင့် အလှပြင်ပစ္စည်းများအထိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များအဖြစ် တိုးချဲ့ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများစွာရှိ . . .**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ မိုးကာလတွင်သဘာဝမိုးရေကို အားထား၍ သီးနှံအများအပြား စိုက်ပျိုးရာကာလလည်းဖြစ်သည်။ ဤကာလအတွင်း ခရီးသွားလျှင် လမ်းဘေးဝဲယာတစ်လျှောက် စပါးခင်းများနှင့် အခြားသော သီးနှံစိုက်ခင်းများကို အများအပြားမြင်တွေ့ကြရမည်ဖြစ်သည်။ သို့သော် ပထမသီးနှံ စိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် တောင်သူအများစုသည် နောက်သီးနှံစိုက်ရန်အတွက် လယ်ကွင်းများအတွင်း ကောက်ရိုးနှင့် ရိုးပြတ်များကို အလွယ်တကူ မီးရှို့ရှင်းလင်းလေ့ရှိကြသည်။ ထိုသို့မီးရှို့ခြင်းကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ မြေဆီလွှာပျက်စီးမှု၊ ရာသီဥတုဖောက်ပြန်မှုကို ဖြစ်စေနိုင်သည့် မှန်လုံအိမ်ဓာတ်ငွေ့များထွက်ရှိမှု စသည့်ဆိုးကျိုးများစွာ ဖြစ်စေသည်။

သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ဤစိန်ခေါ်မှုကိုဖြေရှင်းရန်အတွက် ကောက်ရိုး၊ ပြောင်းရိုးနှင့်အခြားသော လယ်ယာဘေးထွက်ပစ္စည်းများကို မီးမရှို့ဘဲ ဤပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ မှိုစိုက်ပျိုးခြင်းဖြင့် လယ်ယာစွန့်ပစ်ပစ္စည်းများကို ရွှေဖြစ်အောင်ပြောင်းလဲနိုင်မည့် အခွင့်အလမ်းကောင်းများရှိနေသည်။ မီးရှို့မည့်အစား ဤသီးနှံအကြွင်းအကျန်များကိုအသုံးပြု၍ ကျန်းမာရေးနှင့် အလွန်ကိုက်ညီသည့် ကောက်ရိုးမှိုများကို စိုက်ပျိုးနိုင်သည်။ ကောက်ရိုးမှိုကို တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အဓိကစိုက်ပျိုးကြပြီး အခြားသော ဒေသများ၌လည်း စိုက်ပျိုးကြသည်။ ထိုင်းနိုင်ငံတွင် ပြောင်းရိုးများကို အသုံးပြု၍ စီးပွားဖြစ်မှိုစိုက်ပျိုးထုတ်လုပ်နေသည်။ မြန်မာနိုင်ငံတွင်လည်း ကောက်ရိုးအသုံးပြု၍ စီးပွားဖြစ် မှိုစိုက်ပျိုးထုတ်လုပ်နေသည်။

မှိုစိုက်ပျိုးသည့်အခါတွင် လယ်ယာဘေးထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ စိုက်ပျိုးလေ့ရှိသဖြင့် တောင်သူလယ်သမားများအတွက် ပြောင်းရိုး၊ ကောက်ရိုးများကို ရောင်းချခြင်းဖြင့် အပိုဝင်ငွေရနိုင်သည်။ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ မီးရှို့ခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာလည်းရောက်သည်။

စိုက်ပျိုးသူများအတွက် မှိုစိုက်ပျိုးခြင်းသည် အရင်းအနှီးနည်းနည်းဖြင့် အချိန်တိုအတွင်း ပုံမှန်ဝင်ငွေရရှိစေနိုင်ရုံသာမက မှိုရိတ်သိမ်းပြီးနောက်ထွက်ရှိလာသည့် ကောက်ရိုးဆွေး၊ ပဲရိုးဆွေးများကို သဘာဝမြေဩဇာနှင့် တိရစ္ဆာန်အစာအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။

စားသုံးသူများအတွက် မှိုစားသုံးခြင်းကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရနိုင်သည်။ စားမှိုတစ်မျိုးဖြစ်သည့် ကောက်ရိုးမှိုသည် ကျန်းမာရေးအကျိုးပြု ပရိုတင်းအရင်းအမြစ်ဖြစ်ခြင်း၊ ဗီတာမင်နှင့်သတ္တုဓာတ်များကြွယ်ဝခြင်း၊ အာဟာရတန်ဖိုးမြင့်မားခြင်း၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများစွာပါဝင်ခြင်း၊ အဆီနည်းပြီး အမျှင်များခြင်း၊ Antioxidant ပါဝင်ခြင်းကြောင့် ရောင်ရမ်းမှုကို လျော့ကျစေခြင်း၊ ကင်ဆာရောဂါခံနိုင်ရည်ရှိခြင်း စသည့်ကျန်းမာရေးဆိုင်ရာ အကျိုးပြုသော ဖြည့်စွက်စာတစ်မျိုးဖြစ်သည်။ ထို့ပြင် စားမှိုတွင်ပါဝင်သော ပရိုတင်းသည် အသားနှင့်ငါးများတွင်ပါဝင်သော ပရိုတင်းထက် ရောဂါများကို ခံနိုင်ရည်ရှိသည်။

မှိုကို အခြေခံ၍ မှိုပေါင်းမှုန့်၊ မှိုကော်ဖီ၊ မှိုလက်ဖက်ရည်၊ ဟင်းခတ်မှုန့်များအပြင် အသားအရေထိန်းသိမ်းသည့်ထုတ်ကုန်ပစ္စည်းများနှင့် အလှပြင်ပစ္စည်းများအထိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များအဖြစ် တိုးချဲ့ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများစွာရှိနေသည်။

လယ်ယာဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပြောင်းဖတ်၊ နေကြာရိုး၊ နေကြာစေ့ခွံ၊ ဝါပင်အကြွင်းအကျန်၊ ဝါစေ့ခွံ၊ မြေပဲခွံ၊ ပဲမှော်၊ ပဲရိုး၊ ဂျုံရိုး၊ နှမ်းရိုး အစရှိသော သီးနှံအကြွင်းအကျန်အမျိုးမျိုးကိုအသုံးပြု၍ ငွေနှင်းမှို၊ ကြွက်နားရွက်မှိုနှင့် ကောက်ရိုးမှိုစသည်တို့ကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်သည်။ မှိုစိုက်ပျိုးရေးသည် အရင်းအနှီးအနည်းငယ်ဖြင့် အချိန်တိုအတွင်း အမြတ်များစွာရရှိနိုင်သည့် လုပ်ငန်းဖြစ်သည်။ မှိုစိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးပွားစေပြီး လူမှုစီးပွားဘဝမြင့်မားရေးကို အကျိုးဖြစ်ထွန်းစေနိုင်သည်။

မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေအရလည်း မှိုစိုက်ပျိုးရန် အကောင်းဆုံးအနေအထားဖြစ်သည်။ လယ်ကွင်းပြင်များတွင် လယ်ယာဘေးထွက်ပစ္စည်းကို အလဟဿ မီးရှို့လိုက်မည့်အစား စိုက်ပျိုးသူ၊ စားသုံးသူများအတွက်သာမက သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးမြေဆီလွှာအတွက်ပါ ကောင်းကျိုးများစွာရစေနိုင်မည့် မှိုစိုက်ပျိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းတင်ပြအပ်ပါသည်။ ။

# သရက်မြို့၌ ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေး



သရက် ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးကြီးမှူး၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို ဇူလိုင်လ ၈ ရက် နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းကျောင်း(ပြည်တော်အေးကျောင်း)၌ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားတွင်ကလေးအရာရှိဒေါ်စန်းစန်းသင်းကစနစ်တကျသွားတိုက်နည်းအကြောင်းနှင့်သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းပေးမှုအကြောင်းတို့ကို ဆွေးနွေးပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကိုကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နား၊ လည်ပင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးကုသမှုများကိုဆောင်ရွက်ပေးကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၂၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဇေယျာဌာန - ၂ လမ်းသွယ်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သတ်မှတ်နေရာများ၌ ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအနေဖြင့် ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် စုစုပေါင်း ၃၀၀ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြဝတီ






# လူငယ်နှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ပဲခူး ဇူလိုင် ၉

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့်အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အ.ထ.က သနပ်ပင်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းဗလာစာအုပ်များ၊ လက်ဆွဲအိတ်များ၊ အားကစားပစ္စည်းများ၊ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန၌ ဂစ်တာတီးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကိုယ်ကာယလေ့ကျင့်ခန်းသင်တန်းဖွင့်လှစ်သင်ကြားနေမှုများကိုကြည့်ရှုပြီး စာကြည့်တိုက်၌ လူငယ်များနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(မြန်/ဆက်)

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လက်ခံတွေ့ဆုံ

မန္တလေး ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ



# အာကာသပြတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တို့ကို ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ သွားရောက်လေ့လာ



ရန်ကုန် ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဋ္ဌေးအောင်၊ ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းနှင့် အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ အာကာသပြတိုက်တို့ကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမကြီး၊ ကော်မတီရုံးခန်းများကို လေ့လာကြည့်ရှုကြပြီး ပုလဲခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ လေ့လာရေးအဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(မြန်/ဆက်)



ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)နှင့် မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ကြည့်ရှုအားပေးစဉ်။ ကိုဇော်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၉**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိမဟာဗောဓိကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




➢ **ကျောဖုံးမှအဆက်**

အမှုထမ်း ၁၂ ဦးအား စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ယနေ့နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့၊ ရာဇာမင်းတံတား၌ သက်ဆိုင်ရာတာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်မှ အမှုထမ်းများအား အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရက် ၁၀၀ စီမံချက်ကာလအတွင်း ခါးပိုက်နှိုက်မှု(၁၁၇)မှုမှ တရားခံ(၉၉)ဦးတို့အား ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခဲ့






ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရက် ၁၀၀ စီမံချက်ကာလအတွင်း ခါးပိုက်နှိုက်ကျူးလွန်သူတရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ YBS ယာဉ်လိုင်းများ၊ ကားမှတ်တိုင်များနှင့်အများပြည်သူသွားလာလျက်ရှိသည့်နေရာများတွင် အုပ်စုဖွဲ့ခါးပိုက်နှိုက်ကျူးလွန်မှုများ လျော့နည်းကျဆင်းစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများဆောင်ရွက်ပြီး ပြစ်မှုကျူးလွန်သူတရားခံများအားဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ ဇူလိုင်လ ၇ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထန်းတပင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်၊ လသာမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့၌ အမှုစုစုပေါင်း (၁၁၇)မှုနှင့် ကျူးလွန်သူတရားခံ ကျား (၉၄) ဦး၊ မ ငါးဦး စုစုပေါင်း (၉၉)ဦးတို့အား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ခါးပိုက်နှိုက်မှုကျူးလွန်ရာမှရရှိခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သော လက်ကိုင်ဖုန်း (၁၄၀) လုံးနှင့် ငွေ (၆၅၇၀၀၀၀) ကျပ်တို့အား သိမ်းဆည်းရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရက်၁၀၀ စီမံချက်အနေဖြင့် မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်စေရေးအတွက် ခရိုင်များအလိုက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဝေငှခြင်း၊ သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်း၊ စည်းကမ်းမဲ့ယာဉ်များဖမ်းဆီးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



(၁၀၀)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက ရှင်းလင်းတင်ပြစဉ်။

**❖ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှုလမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့်ကုန်သွယ်မှုများကို များစွာအထောက်အကူပြု . . .**

**❖ မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ . . .**

**❖ ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်လို . . .**

**❖ မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့်ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို . . .**

**❖ နယ်စပ်ဒေသနေပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများ ကောင်းမွန်ခြင်းသည် နှစ်နိုင်ငံလုံခြုံရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့ကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ် . . .**

★ **ရှေ့ဖုံးမှအဆက်**

ဆက်သွယ်မှုလမ်းကြောင်း၊ ရေလမ်းဆက်သွယ်မှုလမ်းကြောင်းများရှိကြောင်း၊ အဆိုပါ **အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်နိုင်သည့် ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်းနှင့် ရေကြောင်းဆက်သွယ်မှုလမ်းကြောင်းများသည် နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို များစွာအထောက်အကူပြု**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေးပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ အဆိုပါစီမံကိန်းများသည် ယခင်အစိုးရများအဆက်ဆက်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူသည့်ကာလတွင် အမြန်ဆုံးပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် တရားဝင်စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် မိမိတို့နိုင်ငံ၏အစီအစဉ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြဝတီလမ်းကြောင်းသည်လည်း နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည်များရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်များလည်းရှိကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ တစ်ခုနှင့်တစ်ခုဆက်စပ်မှုရှိရန်လိုအပ်ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးအနေဖြင့် လည်း မိမိတို့နိုင်ငံအလိုက် ယာဉ်မောင်းနှင်သည့် စနစ်များတူညီမှုမရှိသဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အဆိုပါ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့် ပတ်သက်၍ ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည်များ ရှိသကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့နှင့် ပူးပေါင်းဆောင်ရွက်သည်များလည်းရှိကြောင်း၊ **ယခုစီမံကိန်းများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်လို**ကြောင်း။

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံနှင့်ဆက်သွယ်အသုံးပြုလျက်ရှိသည့် မုံရွာ-ယာကြီး-ကလေး - တမူးလမ်းကြောင်းသည် မိမိတို့နိုင်ငံနှင့်အိန္ဒိယအရှေ့မြောက်ဒေသရှိပြည်နယ် ၆ ပြည်နယ်တို့နှင့်ကူးလူးဆက်ဆံမှုများ ရရှိပါက မိမိတို့အတွက် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးအခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့သည်လည်း မိမိတို့နိုင်ငံထက် လူဦးရေနှင့်စီးပွားရေးအခွင့်အလမ်းများ များစွာရှိသည့်ပြည်နယ်များဖြစ်သဖြင့်ကုန်သွယ်မှုပြုလုပ်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်း ယခင်ကတည်းက အပြန်အလှန်ကုန်သွယ်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် ဆက်စပ်လျက်ရှိသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်အပြန်အလှန်ကုန်သွယ်မှုများပြုလုပ်နိုင်မည်ဆိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများ များစွာရှိပြီး မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ ဥပဒေအရထိန်းချုပ်ရေးပိုင်းများကိုဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအလိုက်သဘောတူညီချက်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သဘောတူညီချက်များကို ပြီးပြတ်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ပြီး လုံခြုံရေးပိုင်းဆိုင်ရာများ ကောင်းမွန်လာပြီဆိုပါက တည်ဆောက်ရေးပိုင်းများကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် နှစ်နိုင်ငံအစိုးရအချင်းချင်း ဆောင်ရွက်ရခြင်းဖြစ်ပြီး မည်သည့်ကြားခံအဖွဲ့အစည်းမှ မလိုအပ်ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုများသာမက နှစ်နိုင်ငံနယ်စပ်ဒေသတွင် နေထိုင်ကြသည့် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီကြသည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ကူးလူးဆက်ဆံမှုများကိုလည်း တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့**နယ်စပ်ဒေသနေပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများကောင်းမွန်ခြင်းသည် နှစ်နိုင်ငံလုံခြုံရေးနှင့်နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့ကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက် ယခုစီမံကိန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နှစ်နိုင်ငံဆက်ဆံရေးကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် လုပ်ငန်းများဖြစ်သဖြင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်း(India-Myanmar-Thailand Trilateral - IMT Highway Project)၊ ကုလားတန်မြစ်ကြောင်းဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းတို့နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် “ဒေသတွင်း၌ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံစည်ပင်ထွန်းကားလာစေရေးနှင့်စပ်လျဉ်း၍ ကုလားတန်မြစ်ကြောင်းဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းတို့ကို အပြီးသတ်နိုင်ရေး”ဟူသည့်အချက်ပါရှိခဲ့မှု၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် နောက်ခံသမိုင်းကြောင်းဆိုင်ရာများ၊ မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ပို့ဆောင်ရေးစင်္ကြံများနှင့်စီမံကိန်းအနေဖြင့် စီးပွားရေးစင်္ကြံများတွင်ပါဝင်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ လမ်းကြောင်းသတ်မှတ်ချက်များ၊ စီမံကိန်းတွင်ပါဝင်သည့် လမ်းပိုင်းများနှင့် လမ်းပိုင်းများအလိုက် ဘဏ္ဍာငွေရရှိမှုအခြေအနေများ၊ စီမံကိန်းဖြစ်မြောက်စေရေးအတွက် ဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ နောက်ခံသမိုင်းကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ သဘောတူစာချုပ်များချုပ်ဆိုခဲ့







မှုနှင့်သဘောတူစာချုပ်များအရ စီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နားလည်မှုစာချွန်လွှာများရေးထိုးခြင်းနှင့် Port Operator များ ရွေးချယ်ခန့်ထားခြင်းများ ဆောင်ရွက်ခဲ့မှု၊ စစ်တွေကုလားတန်ဆိပ်ကမ်းတံတားဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့မှုနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားနှင့် ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ခဲ့မှု၊ စစ်တွေကုလားတန်ဆိပ်ကမ်းတံတားတွင် ရေယာဉ်များဆိုက်ကပ်ခြင်းနှင့် ကုန်စည်များကိုင်တွယ်နိုင်မှုအခြေအနေများ၊ စီမံကိန်းပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြားနှင့် နိုင်ငံအချင်းချင်း ခရီးသည်နှင့်ကုန်စည်များ မော်တော်ယာဉ်ဖြင့် သယ်ဆောင်သွားလာမှုစည်းကမ်းဆိုင်ရာ မူဘောင်သဘောတူစာချုပ်ဆိုင်ရာ အချက်အလက်များ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံကိန်းပြီးစီးပါကရရှိလာနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမစီမံကိန်းတို့တွင် ပါဝင်သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းလုပ်ငန်းများ ရပ်တန့်လျက်ရှိမှု၊ သုံးနိုင်ငံအဝေးပြေးလမ်းမ စီမံကိန်းအနေဖြင့် အာရှလမ်းမကြီး၏ လမ်းပိုင်းဖြစ်သည့် တမူး-မန္တလေး-ပဲခူး-မြဝတီလမ်း (Asian Highway – AH 1) နှင့် ထပ်တူဖြစ်လျက်ရှိမှု အခြေအနေများ၊ ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းဆိုင်ရာများနှင့် စီးပွားရေးစင်္ကြံများ ပါဝင်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် ပလက်ဝ - ဇိုရမ်ပူရ် နစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းဆိုင်ရာများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်း၏ ကလေးဝ-ယာကြီး လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ တမူး-ကျီကုန်း-ကလေးဝ လမ်းပိုင်းပေါ်ရှိ တံတား (၆၉)စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် တမူးနယ်စပ်၌ အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ်(ICP) အဆင့် (၁) တည်ဆောက်ခြင်းလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းဆိုင်ရာများနှင့် လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်လျက်ရှိမှုအခြေအနေများ၊ သုံးနိုင်ငံ အဝေးပြေး လမ်းမကြီးစီမံကိန်းတွင် ပါရှိသည့် လမ်းပိုင်းများ၏ အချက်အလက်များနှင့် လက်ရှိလမ်းပိုင်းများနှင့် လမ်းပိုင်းများပေါ်ရှိ တံတားများ၏ အခြေအနေများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China Myanmar Economic Corridor–CMEC)နှင့် ဆက်စပ်လျက်ရှိသည့် လမ်းပိုင်းများဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညိုစောနှင့် အစည်းအဝေးတက်ရောက်လာကြသူများက စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နယ်စပ်ဂိတ်များဖွင့်လှစ်၍ တရားဝင်ကုန်သွယ်မှုများဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာစီမံကိန်းလမ်းကြောင်းများအလိုက် လုံခြုံရေးပိုင်းအရ ဆောင်ရွက်ပြီးချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဝင်ရောက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးများချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည့် အမြင် ၄ မြင်တို့ဖြင့် သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများ၏အကျိုး၊ အပြစ်များကိုလည်း သိရှိနားလည်နိုင်ရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မဟာဗျူဟာမြောက်စီမံကိန်းလမ်းမကြီးများကို အသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မဖြစ်စေရေးအတွက်လည်း လိုအပ်သည့်ထိန်းသိမ်းကြပ်မတ်မှုများရှိနေရန်လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက် လမ်းများကောင်းမွန်စေရေးနှင့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက်လည်း စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်းဖြစ်ရန်လိုပြီး လမ်းတစ်လျှောက်၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများစနစ်တကျဖောက်လုပ်ထားရှိရန်နှင့်လမ်းကြောင်းတစ်လျှောက်စိမ်းလန်းစိုပြည်စေရေး သစ်ပင်စိုက်ပျိုးခြင်းကိုလည်းမဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း၊ **လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်**ကြောင်း၊ သို့ဖြစ်၍ **စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအောင်မြင်ပြီးစီးစေရေးအလေးထား၍ ဆောင်ရွက်သွားကြရန်မှာကြားလို**ကြောင်း။

**နယ်စပ်ဂိတ်များနှင့်ပတ်သက်၍ နယ်စပ်ဆိုင်ရာစီမံခန့်ခွဲရေးသည် သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရများကသာ အဓိကတာဝန်ယူကြပ်မတ်ကွပ်ကဲစီမံဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မည်သည့်အဖွဲ့အစည်း၊ မည်သည့်အခြားနိုင်ငံကမျှ ဝင်ရောက်စွက်ဖက်၍မရ** ကြောင်း၊ နယ်စပ်ဂိတ်များဖွင့်လှစ်ရာတွင် ဝန်ထမ်းအိမ်ရာနှင့် ဆက်သွယ်ရေး စနစ်များ၊ ရေ၊ မီးနှင့် လုံခြုံရေး စသည်တို့ကိုလည်း စနစ်တကျ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ယနေ့ဆွေးနွေးမှုများတွင်ပါဝင်သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းများမှာ ယခုအခါ လုပ်ငန်းများပြန်လည်စတင်ဆောင်ရွက်လျက်ရှိပြီး ယခု ထက်ပိုမိုအရှိန်အဟုန်ဖြင့် တိုးတက်ပြီးစီးစေရေး ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လို**ကြောင်း၊ ပဲခူး၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ ထိုင်းနယ်စပ်အမြန်လမ်းမကြီးကိုလည်း လုံခြုံချောမွေ့စွာသွားလာနိုင်ရေး စီမံသွားရန်လိုကြောင်း။

**ရပ်ဝန်းနှင့်ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(China Myanmar Economic Corridor–CMEC) နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများသည်လည်း ရပ်တန့်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည် စတင်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ **အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီးများတွင် ပါဝင်သည့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများအား မိမိတို့အစိုးရ တာဝန်ယူထားရသည့် ကာလအတွင်းရာနှုန်းပြည့်ပြီးစီးမှုရှိစေရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလို**ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

မြဝတီ

**❖ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၊ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအောင်မြင်ပြီးစီးစေရေးအလေးထား၍ ဆောင်ရွက်သွားကြရန်မှာကြားလို . . .**

**❖ နယ်စပ်ဂိတ်များနှင့်ပတ်သက်၍ နယ်စပ်ဆိုင်ရာစီမံခန့်ခွဲရေးသည် သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရများကသာ အဓိကတာဝန်ယူကြပ်မတ်ကွပ်ကဲစီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး မည်သည့်အဖွဲ့အစည်း၊ မည်သည့်အခြားနိုင်ငံကမျှ ဝင်ရောက်စွက်ဖက်၍မရ . . .**

**❖ ယနေ့ဆွေးနွေးမှုများတွင်ပါဝင်သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းများမှာ ယခုအခါ လုပ်ငန်းများပြန်လည်စတင်ဆောင်ရွက်လျက်ရှိပြီး ယခုထက်ပိုမိုအရှိန်အဟုန်ဖြင့် တိုးတက်ပြီးစီးစေရေး ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လို . . .**

**❖ ရပ်ဝန်းနှင့်ပိုးလမ်းမကြီးစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံ**(China Myanmar Economic Corridor-CMEC) **နှင့် ဆက်စပ်လျက်ရှိသည့် မဟာဗျူဟာအရအရေးပါသည့် အဝေးပြေးလမ်းမကြီးများ ဖောက်လုပ်ရေးလုပ်ငန်းများသည်လည်း ရပ်တန့်လျက်ရှိသဖြင့် အမြန်ဆုံးပြန်လည် စတင်နိုင်ရေးဆောင်ရွက်သွားကြရမည်ဖြစ် . . .**

PPIB
News

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Coordination meeting on India-Myanmar-Thailand (IMT) Trilateral Highway project and Kaladan Multi-Modal Transit Transport Project held, with an address by President of the Republic of the Union of Myanmar U Min Aung Hlaing

## Sector-wise efforts should be made to fully complete the strategically important highways with neighbours during the term of the current administration

NAY PYI TAW July 9

A coordination meeting on India-Myanmar-Thailand (IMT) Trilateral Highway project and Kaladan Multi-Modal Transit Transport Project took place in the meeting hall of the Presidential Office, Nay Pyi Taw, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present were Vice President U Nyo Saw, union ministers, U Khin Maung Yi, U Mya Tun Oo, U Tin Maung Swe, U Aung Kyaw Hoe and U Myo Thant, Chief of General Staff (Army, Navy and Air) General Ko Ko Oo and officials.



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at a coordination meeting on India-Myanmar-Thailand (IMT) Trilateral Highway project and Kaladan Multi-Modal Transit Transport Project.

The President delivered the keynote address. He said Myanmar has five neighbouring countries and has land routes and maritime routes with them. **Those land and maritime routes are very helpful for cross-border travel and trade with them.** If border trade routes with neighbours can be implemented systematically, national economic and socio-economic development drives will gain extra momentum. **The current administration is prioritizing the task of upgrading the existing transport route projects linking neighbouring countries.** The previous successive governments of the past had implemented the projects, but for certain reasons there were delays. So, collective efforts should be made to complete the projects at the earliest possible date during the term of the current administration.

The Kaladan project was officially kick started in 2008. The project was initiated under the own program of Myanmar. The Myawady route project was initiated under the State's program as well as the Asian Development Bank's program. Those routes need interconnections among them.Strict traffic enforcement on the India-Myanmar-Thailand (IMT) Trilateral Highway is required because drivers from neighbouring countries use different driving systems. The project is being implemented with the financial supportfrom the Union Funds and the funds jointly provided by the ADB and the Japan International Cooperation Agency (JICA). **As the two projects are so much beneficial to the country, they must be implemented as soon as possible.**

If the Monywa-Yargyi-Kalay-Tamu Road that links India can facilitate interconnections between Myanmar and the six northeastern states of India, the former will achieve many investment opportunities. The Chinese provinces of Yunnan and Sichuan share a land border with Myanmar. These provinces have much larger populations and stronger economies than Myanmar. So, Myanmar can gain a lot of benefits if it can set up trade relations with them. Myanmar and Thailand have bilateral trade relations since the past. Shan State (East) shares a land border with China, Laos and Thailand. So, it will gain rapid progress through bilateral border trade with them.

**There are many trade routes with important neighbouring countries for Myanmar and it is necessary to implement them urgently.** In doing so, construction, security and legal control measures must be carried out. To carry out construction tasks, it is important to reach agreements with countries and organizations. In connection with security tasks, the situation has improved to some extent and when the situation improves, construction tasks must be implemented simultaneously. Border trade is conducted government to government and there is no need for any mediatory organization. Measures must be taken not only for border trade but also for development of friendship and mutual exchange between the religiously and culturally similar ethnic groups. **Good mutual exchanges between peoples in border areas will contribute a lot to security and stability of border areas of the two countries.** As strategic projects being carried out in connection with neighbouring countries are tasks not only for development but also for bilateral relations, it is essential to implement them systematically.

Then, Union Minister for National Planning, Investment and Foreign Economic Relations U Aung Kyaw Hoe reported to the President on implementation of the India-Myanmar-Thailand (IMT) Trilateral Highway project and the Kaladan Multi-Modal Transit Transport Project, which were highlighted in the joint statement during the President's formal visit to India, underlining that enhanced connectivity would foster mutually beneficial economic linkages and shared prosperity in the region and both sides shared the importance of working closely towards the completion of the Kaladan Multi-Modal Transit Transport projects and the India-Myanmar-Thailand trilateral highway project, salient points and the background history of the projects, the Greater Mekong Sub-region (GMS) transport corridors and the role of them in economic corridors, designation of project routes, road sections under the projects and budget allocation for respective fiscal years, measures taken for successful implementation of the projects and construction of Paletwa-Zorampur two-lane road.

Union Minister for Transport and for Digital Development and Communications U Mya Tun Oo reported to the President on the background history and objectives of the Kaladan Multi-Modal Transit Transport Project, signing agreements and

See Page - 19►►

►► From Page - 18

implementation of tasks included in the project under the agreements, signing MoUs and selection of port operators, the opening ceremony of Sittway Kaladan port and designation of the international pier and domestic pier, docking of ships and handling of cargo at the port, benefits on completion of the project, provisions of the framework agreement for transportation of passengers and cargo by vehicle between India, Myanmar and Thailand and benefits on completion of the trilateral highway.

Union Minister for Foreign Affairs U Tin Maung Swe reported to the President on implementation and delays of project works in the Kaladan Multi-Modal Transit Transport Project and the India-Myanmar-Thailand Trilateral Highway projects, the overlap of works along the trilateral highway project and Tamu-Mandalay-Bago-Myawady road along Asian Highway-AH1 and salient points about Road and Belt projects and inclusion of the projects in economic corridors.

Union Minister for Construction U Myo Thant clarified the historical background of the implementation of the two-lane Paletwa-Zorampur road construction project, which is part of the Kaladan Multi-Modal Transit Transport Project; the construction works of the Kalewa-Yargyi road under the India-Myanmar-Thailand Trilateral Highway project; the construction of 69 bridges on the Tamu-Kyigone-Kalewa road section; and the construction status of Phase (1) of the Integrated Check Post (ICP) at Tamu border, including the historical background and current suspension of works. He also presented information regarding the road sections included in the Trilateral Highway Project, the current conditions of road sections and bridges on those sections, and information concerning road sections related to the China-Myanmar Economic Corridor (CMEC), which is part of the Regional and Belt and Road Initiative.

Afterward, Vice President U Nyo Saw and meeting attendees discussed general matters concerning the conditions for continuing implementation of project works.

Following the presentations, the President made necessary supplementary remarks and directives. In his concluding speech, he stated that opening border gates and facilitating legal trade would greatly benefit national development; that after security-related matters for respective project routes are addressed, construction works should be undertaken simultaneously.

He emphasized that in implementing major projects for national economic development, assessments should be made based on four perspectives: political, administrative, defence, and economic. He noted that the benefits and drawbacks of projects must be understood. He stressed that strategic highway projects implemented for national development must be utilized while preventing illegal trade, requiring necessary supervisory oversight. He added that roads along the routes must be maintained in good condition and conform to prescribed road standards through continuous maintenance, ensuring compliance with set standards. Proper drainage systems must be systematically constructed along roads to ensure good water flow, and tree planting along routes to maintain greenery is mandatory. **If road construction works are completed within the stipulated timeframe, trade and goods flow would increase, improving the socio-economic living standards of the State and citizens. Therefore, he urged that project works be prioritized for earliest successful completion.**

**Regarding border gates, border management must be primarily undertaken and supervised by the respective governments of the two countries, with no organization or other country allowed to interfere.** In opening border gates, staff housing, communication systems, water, electricity, and security must be systematically considered and provided.

He further stated that **the India-Myanmar-Thailand Trilateral Highway project and the Kaladan Multi-Modal Transit Transport Project discussed today are now resuming operations and need continued collaborative efforts for accelerated progress and completion.** The Bago-Hpa-an-Kawkareik-Myawaddy Thailand border expressway also needs to be managed for safe and smooth travel.

He noted that **the construction of strategic highways related to the China-Myanmar Economic Corridor (CMEC), part of the Regional and Belt and Road Initiative, is currently suspended and must be resumed as soon as possible. He emphasized that strategic highway construction projects involving neighbouring countries must be fully completed within the government's tenure, urging relevant sectors to successfully implement them.** With these remarks, he concluded and adjourned the meeting.

**Myawady**

# Country-Specific Reporting and Resolution fail to reflect the Myanmar's actual situation on the ground

At the 62nd Regular Session of the United Nations Human Rights Council which was held in Geneva, Switzerland, from 15 June to 8 July 2026, discussions on Myanmar were organized in contrary to the principles of constructive dialogue and cooperation. During the session, the United Nations High Commissioner for Human Rights presented a report on Myanmar on 29 June 2026 and the draft resolution on Myanmar tabled by the Organisation of Islamic Cooperation (OIC) was adopted on 6 July 2026 in the absence of the country-concerned.

It is observed that the High Commissioner's report is a largely repetitive version of the reports and facts from the so-called Special Rapporteur submitted to previous sessions of the Human Rights Council. It is disappointing to note that the report contains highly extreme views and unsubstantiated allegations, there by failing to reflect the actual situation on the ground in Myanmar.

The failure of the successive resolutions including the recent one tabled by OIC to address the root causes of the displacement in northern Rakhine State in 2016 and 2017 demonstrates a lack of genuine and meaningful intent to cooperate in resolving the issue of displaced persons. The allegations contained in the resolution, including unsubstantiated claims against state security forces and hate speech, are completely detached from the realities on the ground.

Myanmar reiterates its genuine political will to receive the verified displaced persons in accordance with the bilateral agreements once security and stability are restored in northern Rakhine State. With a steadfast commitment to receiving verified returnees, Myanmar has been verifying the lists of individuals provided by Bangladesh and sending the verified lists back to Bangladesh on a monthly basis. In fact, the current delay in the repatriation process is solely due to the attacks perpetrated by the AA terrorist group.

Following the successful holding of free and fair multi-party democratic general election in Myanmar, the Hluttaws and an elected Government have emerged in accordance with the will of the people. Furthermore, the President marked the period from 20 April to 31 July 2026 as the Union Government's 100-Day plan implementation period. This plan includes peace talks with Ethnic Armed Organizations (EAOs),inviting both signatories and non-signatories of the NationwideCeasefire Agreement (NCA). Moreover, the invitation has been extended to PDF members to return to the legal fold. As a result of these continuous inviations, a total number of more than 4,000 pesonnels, including PDF members and those from certain EAOs, has successfully returned to the legal fold to date.

The Government will resolutely continue its efforts and endeavours towards national stability and development through the Myanmar-led and Myanmar-owned process. While these endeavors are underway, Myanmar consistently opposes country-specific discussions and resolutions at the Human Rights Council sessions that do not contribute to constructive dialogue and cooperation.

Therefore, Myanmar categorically rejects the resolution submitted by the OIC. The Government of Myanmar expresses its appreciation to friendly nations that maintained a balanced and fair stance during the discussions.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**9 July 2026**

# Thabaung Township sees booming trade of watermelon with high demand

THABAUNG July 9

Trading of watermelon is in high demand at the domestic market in Thabaung Township of Ayeyawady Region, said Daw Nyo Nyo, the owner of fruit wholesale centre in Thabaung Township.

In Thabaung Township, locally produced watermelons have been traded in the market from the second week of April this year up to the present. Daily demand has increased to between 3,500 and 5,500 fruits, and trading activity is reported to be strong.

In Thabaung Township, watermelons with strong market demand are priced between Ks-3,500 and Ks-9,500 per fruit, depending on size. The strong demand and active trading have benefited growers, reduced transportation costs, and ensured that only fresh produce is sold, bringing multiple advantages to those involved.

**SK**

# Rosatom hits new milestone with Egyptian El Dabaa Nuclear Plant



CAIRO July 9

The installation of the reactor vessel for the second unit of Egypt's El Dabaa Nuclear Power Plant has begun in northern Egypt, marking another stage in building the country's first nuclear power station.

The ceremony was attended by Egyptian Prime Minister Mostafa Madbouly, Minister of Electricity and Renewable Energy Mahmoud Esmat, Rosatom CEO Alexey Likhachev and International Atomic Energy Agency Director General Rafael Grossi.

Sputnik news agency and radio, in cooperation with Egyptian television, broadcast the installation live.

Egypt and Russia struck a deal to build the El Dabaa Nuclear Power Plant in November 2015.

The project is financed through a $25 billion Russian loan, with the agreement coming into force in December 2017.

Under the contract, Russian state nuclear energy firm Rosatom is responsible for the plant's design, materials and construction, as well as nuclear fuel supplies, operational support and maintenance.

The Russian company is also tasked with training Egyptian staff and providing technical assistance over the first 10 years of the plant's operation.

When complete, the El Dabaa plant will have four power units with a capacity of 1,200 MW each, equipped with Russian VVER-1200 Generation III+ reactors.

The reactor is one of Rosatom's most advanced technologies, with four units already in operation at other power plants. **Sputnik**

# U.S. forces strike Iran for 2nd straight day

WASHINGTON July 9

U.S. forces conducted strikes against Iran for a second straight day on Wednesday to "degrade" Iran's ability "to threaten freedom of navigation in the Strait of Hormuz," the U.S. Central Command said.

The United States is "holding Iran accountable for recent unjustified aggression against commercial shipping and civilian crews freely navigating a vital international waterway," the command said in a post on X.

More than 20 U.S. Navy warships were patrolling waters across the Middle East on Wednesday, the command said in an earlier post.

The move came after U.S. President Donald Trump warned at the NATO summit in Ankara earlier the same day that the U.S. military would probably hit Iran again.

"I'll give a little warning: We're going to hit them hard tonight," Trump said, adding that he did not expect a full-fledged conflict with Iran.

Following Trump's remarks at the summit, Iran's Press TV, citing an informed source, reported that Iran would close the Strait of Hormuz and strike twice as many targets given any fresh U.S. attack.

The developments came as the United States and Iran traded fresh attacks from Tuesday night into Wednesday, marking a new round of escalation. **Xinhua**

# S. African police destroy nearly 12,000 firearms to curb crime



JOHANNESBURG July 9

South African police destroyed 11,859 firearms and firearm parts on Thursday as part of efforts to prevent them from being used in criminal activities.

The firearms, including 9,596 handguns, 1,102 rifles, 798 shotguns, 33 combination firearms and 330 firearm parts, were melted down at a destruction facility in Johannesburg.

According to the South African Police Service (SAPS), most of the firearms were confiscated during police operations, while others were surrendered during firearm amnesty periods.

"Firearms are destroying our families and our communities. Today's destruction demonstrates the government's commitment to detecting and permanently removing illegal firearms and ammunition from our country," Deputy Police Minister Polly Boshielo said, noting that destroying confiscated firearms ensures they never re-enter circulation and contributes to efforts to reduce violent crime.

According to the SAPS, all recovered firearms undergo ballistic testing to determine whether they were used in other crimes before being destroyed, including those surrendered during amnesty periods. Over the past seven years, police have destroyed 317,811 firearms.

July 9 marks the International Day of the Destruction of Small Arms, an annual United Nations initiative aimed at promoting the destruction of illicit firearms.

**Xinhua**

# Kremlin calls Putin-Trump dialogue constructive, despite existing differences

MOSCOW July 9

The dialogue between Russian President Vladimir Putin and US President Donald Trump is constructive, despite the existing differences, Kremlin spokesman Dmitry Peskov said on Thursday.

"They have a really constructive dialogue. Despite certain differences that may occur," Peskov told reporters.

The Russian president is open to dialogue with Trump, Peskov said.

There was no telephone conversation between Putin and Trump on July 8, the spokesman clarified.

The topic of "closing the sky" over Ukraine, which US President Donald Trump spoke about, had not been discussed before, Dmitry Peskov said.

"This is a new statement, there have been no such statements before. No one has discussed the topic of 'closing the sky' before," Peskov told reporters, commenting on Trump's statement.

This issue needs to be considered, the spokesman said.

"In any case, we will be talking about the fact that the armed forces of a NATO country will work on the territory of Ukraine — this is exactly what the special military operation is being carried out against," Peskov added.

On Wednesday, US President Donald Trump said that he does not rule out Washington helping ensure the closure of air space over Ukraine as a security guarantee.

Moscow proceeds from the fact that the United States continues to supply weapons to Ukraine, but at the same time it continues to try to contribute to the peace process, Peskov said.

"On the one hand, they [the United States] continue to supply weapons [to Ukraine], but unlike other countries that are involved in this conflict, the United States remains committed and continues to try to somehow contribute to the peace process. It is through the prism of this attitude that we evaluate all statements," Peskov told reporters.

Moscow sees misconceptions in the US administration that the escalation of the situation in Ukraine will help to reach a peaceful settlement, but escalating tensions will not contribute to the peace process, the official said.

Russia hopes that the United States will return to the process of resolving the conflict in Ukraine, while further escalation may prolong conflict and will lead to Russia having to create a large buffer zone in Ukraine, Peskov added. **Sputnik**

# Vice President Daw Nan Ni Ni Aye addresses National Tourism Development Central Committee meeting (1/2026)



Vice President and Chairperson of National Tourism Development Central Committee Daw Nan Ni Ni Aye delivers speech at the central committee (1/2026) meeting.

NAY PYI TAW July 9

The first meeting of the National Tourism Development Central Committee (1/2026) was held this morning at the Jade Hall of the Ministry of Hotels, Tourism and Culture in Nay Pyi Taw, chaired by Vice President Daw Nan Ni Ni Aye, who also serves as Chairperson of the committee.

The meeting was attended by Union Ministers, Deputy Ministers, the Chairperson of the Nay Pyi Taw Council, departmental heads, tourism experts, representatives of private tourism organizations, and officials, while Chief Ministers and officials from regions and states joined via videoconference.

In her opening remarks, Vice President Daw Nan Ni Ni Aye said the meeting aimed to review the implementation of decisions made at the previous (1/2025) meeting and discuss strategies to effectively revitalize Myanmar's tourism industry during the current administration.

She noted that Myanmar's strategic geographical location, rich cultural heritage, natural landscapes, historical sites, beaches, coastal areas, and the diverse traditions of its ethnic communities provide significant potential for tourism development. She emphasized the need for regional and state governments, tourism stakeholders, and relevant organizations to formulate practical development plans based on the unique tourism assets of their respective areas.

The Vice President also highlighted the vital role of Destination Management Organizations (DMOs) in ensuring the sustainable development of tourist destinations. She called for the establishment of strong DMOs at key destinations and the implementation of effective destination management practices. In addition, she stressed the importance of improving air connectivity by expanding flight services to tourism destinations and upgrading airport infrastructure through cooperation between the government and the private sector.

She also stressed the need to make travel to Myanmar more convenient for international visitors by easing visa procedures where appropriate, improving travel safety and security, facilitating travel insurance, and streamlining payment systems. She said these measures should be implemented in accordance with existing laws, regulations, and guidelines, emphasizing that the objective is not to bypass legal procedures but to coordinate and provide practical assistance within the established legal framework.

The Vice President urged regional and state governments to systematically identify and develop tourism products based on the unique attractions of their respective destinations. These include cultural heritage sites, year-round festivals, traditional ethnic New Year celebrations and cultural events, as well as other attractions of interest to tourists. She also called for efforts to improve tourism infrastructure, strengthen marketing and promotion, establish effective management mechanisms to enhance service standards at tourist destinations, and identify and prioritize key tourism destinations for development.

She further encouraged private tourism operators to undertake well-planned and effective marketing initiatives to make Myanmar a competitive tourism destination within the region. In doing so, she said all stakeholders—including relevant Union ministries, regional governments, and tourism businesses—must work together to help the international community gain a more accurate understanding of the actual situation in Myanmar. She concluded by urging participants to openly exchange views and offer constructive recommendations to accelerate the revival and development of the country's tourism industry.

Following this, Union Minister for Social Welfare, Relief and Resettlement Dr. Soe Win, speaking on behalf of the Vice Chairperson of the National Tourism Development Central Committee, presented an overview of the current state of Myanmar's tourism sector, ongoing tourism development efforts, and key priorities and challenges that need to be addressed to support the industry's future growth.

Afterwards, U Phyo Zaw Soe, Secretary of the National Tourism Development Central Committee and Deputy Minister for Hotels, Tourism and Culture, briefed the meeting on the implementation of decisions made at the Central Committee's (1/2025) meeting, the progress of ongoing activities, and matters submitted to the committee for consideration.

Participants continued discussions and presentations on tourism development initiatives within their respective sectors. Vice President Daw Nan Ni Ni Aye, Chairperson of the National Tourism Development Central Committee, provided additional guidance and coordinated on the issues raised where necessary before delivering the closing remarks and concluding the meeting.

**Myawady**

# Plan underway to grow more than 21,000 acres of pigeon pea in Wetlet Township

WETLET July 9

Wetlet Township Agriculture Department of Sagaing Region showed that local farmers will cultivate more than 21,000 acres of pigeon pea as monsoon crops in the township.

During the 2026-2027 monsoon crop cultivation season, Wetlet Township plans to cultivate 21,256 acres of pigeon pea, with planting to be carried out from June through September this year, according to reports.

This year, the Township Department of Agriculture will provide field-based awareness and technical support to pigeon pea farmers in Wetlet Township on the selection and cultivation of quality pure seeds, the use of correct cultivation methods, pest prevention, and ways to achieve better yields.

The Wetlet Township Department of Agriculture is also distributing technologies that combine the use of urea and borax in order to reduce farmers' costs for purchasing foliar fertilizers. It is reported that the use of urea and borax helps reduce cultivation costs, keeps crops free from pests, and promotes better plant growth. **SK**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အီရန်စစ်ပွဲက ဖော်ထုတ်ပြလိုက်တဲ့ BRICS+ ရဲ့သရုပ်မှန်

## ဒီရှုထောင့်ကနေကြည့်မယ်ဆိုရင် အီရန်စစ်ပွဲကြောင့် BRICS+ ကျရှုံးသွားပြီဆိုတဲ့ ပြောဆိုချက်တွေဟာ အဓိကအချက်ကို လွဲချော်နေ




မကြာသေးခင်ကဖြစ်ပွားခဲ့တဲ့၊ လက်ရှိလည်းဖြစ်ပွားနေဆဲဖြစ်တဲ့ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ အီရန်အပေါ် ပူးပေါင်းဆင်နွှဲခဲ့တဲ့ စစ်ရေးလှုပ်ရှားမှုတွေက ကမ္ဘာ့ရေးရာလေ့လာသူတွေအတွက်တော့ သာမန်အရှေ့အလယ်ပိုင်း ပဋိပက္ခတစ်ခုထက်ပိုခဲ့ပါတယ်။ အခုဆိုရင် အင်အားပိုမိုကြီးထွားလာပြီဖြစ်တဲ့ BRICS သို့မဟုတ် BRICS+ အဖွဲ့ကြီးအတွက် ဒီစစ်ပွဲဟာ အရေးပါတဲ့ စမ်းသပ်မှုကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။

BRICS+ ဆိုတာ Global South လို့ခေါ်တဲ့ ဖွံ့ဖြိုးဆဲ ကမ္ဘာ့တောင်ခြမ်းနိုင်ငံတွေရဲ့ အထင်ကရနိုင်ငံရေးပလက်ဖောင်းတစ်ခုအဖြစ်သာမက ဝင်ရိုးများစွာပါဝင်မယ့် ကမ္ဘာ့အခင်းအကျင်းကြီးတစ်ခုအတွက် အုတ်မြစ်တစ်ခုအဖြစ် မကြာခဏဆိုသလို တင်စားပြောဆိုခံရတဲ့ အဖွဲ့အစည်းကြီးပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအီရန်စစ်ပွဲကနေတစ်ဆင့် ကျွန်တော်တို့ မြင်လိုက်ရတာကတော့ BRICS+ နဲ့ ပတ်သက်နေတဲ့ ထင်မြင်ယူဆချက်တွေနဲ့ လက်တွေ့မြေပြင်အခြေအနေတွေကြားက ကြီးမားတဲ့ကွာဟချက်တွေပဲ ဖြစ်ပါတယ်။

### BRICS+ ဆိုတာ စစ်ရေးမဟာမိတ်မဟုတ်ပါ

အစောပိုင်းကာလတုန်းက ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိကဆိုတဲ့ နိုင်ငံကြီးငါးနိုင်ငံနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ BRICS ဟာ အခုဆိုရင် အဖွဲ့ဝင်အသစ်တွေ ထပ်တိုးပြီး BRICS+ အဖြစ် အသွင်ပြောင်းလာခဲ့ပါပြီ။ ဒါပေမဲ့လည်း အီရန်စစ်ပွဲကနေ သက်သေပြလိုက်တာကတော့ ဒီအဖွဲ့ကြီးဟာ မြောက်အတ္တလန္တိတ်သဘောတူစာချုပ်အဖွဲ့ – NATO လိုမျိုး စစ်ရေးမဟာမိတ်အဖွဲ့မဟုတ်သလို တူညီတဲ့ဝါဒတစ်ခုတည်းကိုစွဲကိုင်ထားတဲ့ နိုင်ငံရေးအုပ်စုတစ်ခုလည်းမဟုတ်ဘူးဆိုတာပါပဲ။

အမှန်တကယ်တော့ BRICS+ ဆိုတာ အနောက်အုပ်စုရဲ့ ကြီးစိုးလွှမ်းမိုးမှုကိုသာ လက်မခံနိုင်လို့တဲ့ တူညီတဲ့အချက်တစ်ခုအပေါ်မှာအခြေခံစုစည်းထားတဲ့ နိုင်ငံတကာညွန့်ပေါင်းအဖွဲ့တစ်ခုသာဖြစ်ပါတယ်။ သူတို့အချင်းချင်းကြားမှာတောင် လုံးဝကွဲပြားခြားနားတဲ့ အမျိုးသားအကျိုးစီးပွားတွေရှိနေကြတယ်ဆိုတာကို ဒီအီရန်စစ်ပွဲက မီးမောင်းထိုးပြလိုက်ပါတယ်။

ဒီအချက်ကို အထင်ရှားဆုံးတွေ့ရတာကတော့ ပဋိပက္ခဖြစ်နေတဲ့ကာလအတွင်းမှာပါပဲ။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်နေတဲ့ အီရန်ဟာ စစ်ပွဲရဲ့ပစ်မှတ်ဖြစ်နေချိန်မှာပဲ နောက်ထပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အာရပ်စော်ဘွားများပြည်ထောင်စု (UAE) ကလည်း သူတို့ရဲ့ပိုင်နက်ထဲမှာ အီရန်ရဲ့ တိုက်ခိုက်မှုတွေကို ခံခဲ့ရပါတယ်။

ဒီလိုမျိုးအဖွဲ့ဝင်တွေအချင်းချင်းကြားမှာ ရှုပ်ထွေးတဲ့အခြေအနေတွေ ကြုံလာတဲ့အခါ BRICS+ အနေနဲ့ အဖွဲ့အစည်းတစ်ခုလုံးစည်းလုံးညီညွတ်မှုကိုပြသဖို့ထက် နိုင်ငံတကာ နိုင်ငံရေးရဲ့ ရင်းနှီးပြီးသား သင်ခန်းစာတစ်ခုကို ပြန်လည်သက်သေပြနိုင်ခဲ့ပါတယ်။ အဲဒါက "အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွားတွေ ခြိမ်းခြောက်ခံရပြီဆိုရင် နိုင်ငံတွေဟာ ကိုယ့်ကိုယ်ကိုယ်ကယ်တင်ဖို့အရေးကိုသာ ပထမဆုံး ဦးစားပေးရွေးချယ်ကြတယ်" ဆိုတဲ့အချက်ပါပဲ။

### BRICS+ အပေါ် အမြင်များနေပြီလား

ဒီလိုမျိုး စည်းစည်းလုံးလုံးမရှိတာကို မြင်ရတဲ့အခါ အချို့သောဝေဖန်သူတွေက BRICS+ ဟာ သူ့ရဲ့ ပထမဆုံးနဲ့ အကြီးမားဆုံး ပထဝီနိုင်ငံရေးစမ်းသပ်မှုကို မအောင်မြင်ဘဲ ကျရှုံးသွားပြီလို့ ကောက်ချက်ချကြပါတယ်။ ဒါပေမဲ့ ကိုယ်ပိုင်အမြင်နဲ့ သုံးသပ်ရရင် ဒီလိုမျိုးဝေဖန်တာတွေဟာ BRICS အဖွဲ့ရဲ့ အဓိကရည်ရွယ်ချက်ကို နားလည်မှုလွဲနေတာလို့ပဲ ဆိုချင်ပါတယ်။ "BRICS+ ဘာလို့ ကျရှုံးရတာလဲ" လို့ မမေးခင် "အစကတည်းက BRICS+ ကို ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဖွဲ့စည်းခဲ့တာလဲ" ဆိုတဲ့ ပိုပြီးအခြေခံကျတဲ့မေးခွန်းကို အရင်မေးဖို့လိုပါလိမ့်မယ်။

ဒီလို နားလည်မှုတွေလွဲမှားနေရတဲ့ အဓိကအကြောင်းရင်းတစ်ခုက အနောက်နိုင်ငံတွေရဲ့အဖွဲ့အစည်းတွေဟာ နိုင်ငံတကာအခင်းအကျင်းကို သူတို့ရဲ့ကိုယ်ပိုင်ပုံစံခွက်တွေနဲ့ အကဲဖြတ်လေ့ရှိလို့ပါပဲ။ စစ်အေးတိုက်ပွဲလွန်ကာလတစ်လျှောက်လုံးမှာ အနောက်ကမ္ဘာက ပထဝီနိုင်ငံရေးလွှမ်းမိုးမှုဆိုတာကို သတ်မှတ်တဲ့အခါ ခြိမ်းခြောက်မှုတွေကိုအတူတကွ ရင်ဆိုင်မယ်၊ တရားဝင် ကတိကဝတ်တွေပြုထားမယ်၊ ပြဿနာတစ်ခုခုဖြစ်ပွားလာရင် စုပေါင်းတုံ့ပြန်မယ်ဆိုတဲ့ အဖွဲ့အစည်းဆန်ဆန် ခိုင်မာတဲ့မဟာမိတ်ဖွဲ့ခြင်းတွေနဲ့ သာယှဉ်တွဲပြီးကြည့်လေ့ရှိပါတယ်။

ဒါပေမဲ့ BRICS+ ပေါ်ထွက်လာရတဲ့ သမိုင်းကြောင်းနောက်ခံက လုံးဝမတူပါဘူး။ သူ့ရဲ့ဆွဲဆောင်မှုအရှိဆုံးအချက်က အဖွဲ့ဝင်နိုင်ငံတွေရဲ့ များစွာသောကွဲပြားခြားနားမှုတွေကို လက်ခံပေးနိုင်စွမ်းရှိတာပဲ ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအနေနဲ့ သူတို့သဘောတူတဲ့ကိစ္စတွေကိုသာ ရွေးချယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သလို တစ်ချိန်တည်းမှာပဲ ကိုယ်ပိုင်လွတ်လပ်စွာ လှုပ်ရှားခွင့်ကိုလည်း အပြည့်အဝ ဆက်ထိန်းသိမ်းထားနိုင်ပါတယ်။ ဒါကြောင့် BRICS+ ကို NATO လို မဟာမိတ်အဖွဲ့ကြီးတစ်ခုရဲ့စံနှုန်းတွေနဲ့ သွားပြီးအကဲဖြတ်မယ်ဆိုရင် ဒီအဖွဲ့အစည်းရဲ့ တကယ့်ကို ဆွဲဆောင်မှုရှိတဲ့ အခြေခံသဘောတရားကို မျက်ကွယ်ပြုရာရောက်ပါလိမ့်မယ်။

### ခေတ်သစ်ကမ္ဘာ့နိုင်ငံရေးနဲ့ ဗဟုဝင်ရိုးရဲ့သဘောသဘာဝ

အဆုံးစွန်အနေနဲ့ပြောရရင် အီရန်စစ်ပွဲကနေ ပြသနေတာကတော့ BRICS+ ကို တရားဝင် စစ်ရေး၊ နိုင်ငံရေး မဟာမိတ်အဖွဲ့ကြီးတစ်ခုလို နားလည်ထားမယ့်အစား မဟာဗျူဟာမြောက်ပြောင်းလွယ်ပြင်လွယ်ရှိမှုကိုအသုံးချနိုင်မယ့် ကွင်းပြင်ကျယ်ကြီးတစ်ခုအဖြစ်နားလည်ထားဖို့ပဲဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးပညာရှင်တွေကတော့ ဒီလိုအခြေအနေမျိုးကို "Forum Shopping" (မိမိအကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်မယ့် နိုင်ငံတကာအဖွဲ့အစည်းတွေကို ရွေးချယ်အသုံးပြုခြင်း) လို့ ခေါ်ဆိုကြပါတယ်။

BRICS+ အဖွဲ့ဝင်နိုင်ငံတွေဟာ သူတို့ရဲ့ အမျိုးသားအကျိုးစီးပွားကို အမြင့်ဆုံးရောက်အောင် တည်ဆောက်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံ၊ ပလက်ဖောင်းမျိုးစုံမှာ တစ်ပြိုင်နက်တည်း ပါဝင်ပတ်သက်လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဆိုရင် BRICS+ မှာ ပါဝင်နေသလိုပဲ တစ်ဖက်မှာလည်း Quad လိုမျိုး အဖွဲ့အစည်းတွေနဲ့ တခြားသောအုပ်စုတွေမှာပါ တစ်ပြိုင်နက်တည်း ပါဝင်လှုပ်ရှားနေတာဟာ ဒီသဘောတရားကို အထင်ရှားဆုံးသက်သေပြနေတာပဲဖြစ်ပါတယ်။ ဒီလိုမျိုးကွဲပြားစုံလင်စွာ ပါဝင်လှုပ်ရှားမှုတွေဟာ ယနေ့ခေတ်မှာ ဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်းရဲ့ အဓိကလက္ခဏာရပ်တစ်ခုပဲဖြစ်ပါတယ်။

လေ့လာဆန်းစစ်သူ အတော်များများကတော့ Global South ကို တူညီတဲ့အကျိုးစီးပွားနဲ့ စည်းလုံးညီညွတ်နေတဲ့ ခိုင်မာသောပထဝီနိုင်ငံရေး အုပ်စုတစ်ခုအဖြစ် မကြာခဏမှားယွင်းစွာ ပုံဖော်လေ့ရှိကြပါတယ်။ အမှန်တကယ်တော့ Global South ဆိုတာ အနောက်နိုင်ငံတွေက ဦးဆောင်တဲ့ အဖွဲ့အစည်းတွေအပြင် ပိုမိုကျယ်ပြန့်တဲ့ အခြားရွေးချယ်စရာလမ်းကြောင်းတွေနဲ့ မဟာဗျူဟာမြောက်ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ရှာဖွေနေကြတဲ့ နိုင်ငံတွေအတွက် လွတ်လပ်ပေါ့ပါးစွာ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးအသိုက်အဝန်းတစ်ခုလို့ နားလည်ထားတာက ပိုပြီးမှန်ကန်ပါလိမ့်မယ်။

ဒီရှုထောင့်ကနေ ကြည့်မယ်ဆိုရင် အီရန်စစ်ပွဲကြောင့် BRICS+ ကျရှုံးသွားပြီဆိုတဲ့ ပြောဆိုချက်တွေဟာ အဓိကအချက်ကို လွဲချော်နေပါတယ်။ ဝေဖန်သူတွေက BRICS+ ကို NATO အဖွဲ့ကြီးလိုလုပ်ဆောင်လိမ့်မယ်လို့ မျှော်လင့်ကာ ညီညွတ်မှု ရှိ၊ မရှိ၊ စုပေါင်းတုံ့ပြန်မှု ရှိ၊ မရှိဆိုတဲ့ စံနှုန်းတွေနဲ့ အကဲဖြတ်နေကြလို့ဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ BRICS+ ကို အဲဒီလိုပုံစံမျိုးလုပ်ဆောင်ဖို့ ဘယ်တုန်းကမှ ရည်ရွယ်ဖွဲ့စည်းခဲ့တာမဟုတ်ပါဘူး။ သူဟာ အခုလို ဝင်ရိုးများစွာပါဝင်လာတဲ့ နိုင်ငံတကာ အခင်းအကျင်းအသစ်ထဲမှာ ညှိနှိုင်းတိုင်ပင်ဖို့၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ဖို့နဲ့ အဖွဲ့အစည်းဆိုင်ရာ စမ်းသပ်မှုလုပ်ဆောင်ဖို့အတွက် ပလက်ဖောင်းတစ်ခုမျှသာဖြစ်ပါတယ်။

### နိဂုံး

BRICS+ ဆိုတာ အကျပ်အတည်းတစ်ခုတည်းမှာ ဘာတွေလုပ်ဆောင်ခဲ့သလဲဆိုတာထက် နိုင်ငံတကာအခင်းအကျင်းအသစ်ရဲ့ဆင့်ကဲပြောင်းလဲမှုတွေမှာ သူက ဘာကို ကိုယ်စားပြုနေသလဲဆိုတာက ပိုပြီးအရေးပါကောင်းပါပါလိမ့်မယ်။ ၂၀ ရာစုရဲ့ ပထဝီနိုင်ငံရေးတွေဟာ နိုင်ငံရေးအရ လုံးဝဘက်လိုက်ရပ်တည်ဖို့အတွက် တောင်းဆိုတဲ့ အပြိုင်အဆိုင်အုပ်စုကြီးတွေအပေါ်မှာအခြေခံခဲ့ပေမယ့် ယနေ့ခေတ် ဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်းမှာတော့ အခြေအနေနဲ့ လိုက်လျောညီထွေရှိစွာ ပြောင်းလဲနိုင်စွမ်း၊ မတူကွဲပြားပေမယ့် အပြန်အလှန်မိတ်ဖက်ဆက်ဆံရေးတွေ တည်ဆောက်နိုင်စွမ်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ထပ်တူကျစွာပါဝင်လှုပ်ရှားနိုင်စွမ်းတွေကိုသာ ပိုပြီး အသိအမှတ်ပြုနေပြီဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အီရန်စစ်ပွဲဟာ BRICS+ အတွက် မည်သူမည်ဝါဖြစ်ကြောင်း ပျောက်ဆုံးသွားစေတဲ့ အကျပ်အတည်းဖြစ်မသွားခဲ့သလို အဖွဲ့အစည်းယန္တရား ရပ်တန့်သွားစေတာမျိုးလည်း မဖြစ်ခဲ့ပါဘူး။ အဲဒီအစား နိုင်ငံတွေဟာ သီးသန့်ဆန်လွန်းတဲ့ မဟာမိတ်အဖွဲ့ဆိုတဲ့ ဘောင်ထဲမှာ သူတို့ကိုယ်သူတို့ အကန့်အသတ်ခံဖို့ တဖြည်းဖြည်း ငြင်းဆန်လာကြပြီဆိုတဲ့ ဗဟုဝင်ရိုးကမ္ဘာရဲ့ အနှစ်သာရကိုပဲ ပိုပြီးထင်ရှားသွားစေခဲ့ပါတယ်။ သူတို့ဟာ မဟာဗျူဟာမြောက် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိန်းသိမ်းထားရင်းနဲ့ တစ်ချိန်တည်းမှာပဲ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို အမြင့်ဆုံးရရှိစေမယ့် အချင်းချင်း ထပ်တူကျနေတဲ့ မိတ်ဖက်ဆက်ဆံရေးကိုသာ ရှာဖွေနေကြတာဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံရေးအခြေအနေဟာ ပိုပြီးအကွဲကွဲအပြားပြား ဖြစ်လာတာနဲ့အမျှ လေ့လာဆန်းစစ်သူတွေ အနေနဲ့လည်း ထွန်းသစ်စအဖွဲ့အစည်းအသစ်တွေကို စစ်အေးခေတ်က အုပ်စုလိုက်စည်းကမ်းချက်စံနှုန်းတွေနဲ့ အကဲဖြတ်တာမျိုးကို ရှောင်ကြဉ်သင့်ပါပြီ။ အီရန်စစ်ပွဲကနေရလိုက်တဲ့ သင်ခန်းစာအမှန်ကတော့ အခုခေတ်ရဲ့ ဝင်ရိုးစုံ ကမ္ဘာ့အစီအစဉ်အသစ်ကြီးဟာ တောင့်တင်းခိုင်မာလွန်းတဲ့ စည်းလုံးညီညွတ်မှုတွေအပေါ်မှာ တည်ဆောက်ထားတာမဟုတ်ဘဲ ထပ်တူကျတဲ့ အမျိုးသားအကျိုးစီးပွားမြောက်မြားစွာ အတူတကွယှဉ်တွဲတည်ရှိမှုအပေါ်မှာသာ တည်ဆောက်ထားတာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: SCMP

ထက်မြတ်

# ဥရောပလူဦးရေ၏ သုံးပုံနှစ်ပုံခန့် အန္တရာယ်ရှိသည့် မြေပြင်အဆင့် အိုဇုန်းလေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်ခဲ့ရ

**ပဲရစ်၊ ကျန်းမာရေး**

ဥရောပတစ်ခွင်၌ အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပေါ်စဉ် ဥရောပလူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် အန္တရာယ်ရှိသည့် မြေပြင်အဆင့် အိုဇုန်းလေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ Global Witness အဖွဲ့၏ အစီရင်ခံစာအရ ကလေးငယ်နှင့် သက်ကြီးရွယ်အို သန်း ၁၀၀ အပါအဝင် လူဦးရေ သန်း ၃၀၀ နီးပါးမှာ ဘေးကင်းသည်ဟုသတ်မှတ်ထားသော စံနှုန်းထက်ကျော်လွန်သည့် အဆိပ်သင့်လေထုကို ရှူရှိုက်ခဲ့ရကြောင်း သိရသည်။

မြေပြင်အဆင့် အိုဇုန်းဓာတ်ဆိုသည်မှာ နေရောင်ခြည်ဒဏ်မှ ကာကွယ်ပေးသည့် အိုဇုန်းလွှာနှင့် မတူပေ။ ယာဉ်များမှထွက်ရှိသည့် နိုက်ထရိုဂျင်အောက်ဆိုက်ကဲ့သို့သော ဓာတ်ငွေ့များသည် ပြင်းထန်သော အပူချိန်၊ နေရောင်ခြည်နှင့် ဓာတ်ပြုရာမှ မြေပြင်အိုဇုန်းဓာတ်အဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

၎င်းသည် မီးခိုးမြူများကို ဖြစ်ပေါ်စေပြီး ပန်းနာရင်ကျပ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဆိုးရွားစွာဖြစ်စေနိုင်သည်။ ဥရောပပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းတွင်ပင် အိုဇုန်းလေထုညစ်ညမ်းမှုကြောင့် လူပေါင်း ၆၃၀၀၀ ကျော် သေဆုံးခဲ့ရကြောင်းသိရသည်။ **Ref: BP**




# အီရန်၏နံပါတ် ၁ ပစ်မှတ်မှာ မိမိသာဖြစ်ဟု ထရမ့်ကြေညာ



**ဝါရှင်တန်၊ နိုင်ငံရေး**

အီရန်နိုင်ငံ၏နံပါတ် ၁ ပစ်မှတ်မှာ မိမိသာဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာလိုက်သည်။ ဟော်မုဇရေလက်ကြားအနီးတစ်ဝိုက်တွင် အမေရိကန်နှင့်အီရန်တို့ကြား တိုက်ခိုက်မှုများ ပြန်လည်ပြင်းထန်လာပြီး နှစ်နိုင်ငံကြားသဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးသည် ပျက်ပြားသွားပြီဟု ထရမ့်ကပြောပြီးနောက် ယခုကဲ့သို့ ကြေညာလာခြင်းဖြစ်သည်။

ဟော်မုဇရေလက်ကြား၌ ရေနံတင်သင်္ဘောများကို အီရန်ကတိုက်ခိုက်သည်ဟူသောစွပ်စွဲချက်ဖြင့် အမေရိကန်က အီရန်အပေါ် တိုက်ခိုက်မှုများလုပ်ဆောင်သည့် အပြင်တူရကီယဲနိုင်ငံ အန်ကာရာမြို့၌ ပြုလုပ်သော NATO တပ်ဖွဲ့ထိပ်သီးညီလာခံ၌ ထရမ့်က အီရန်အစိုးရကို ပြင်းပြင်းထန်ထန်ဝေဖန်ထားသည်။

အီရန်တွင် ခေါင်းဆောင်များစွာရှိကြောင်း၊ ယခုအခါ အဆိုပါခေါင်းဆောင်များအားလုံးကို ချေမှုန်းထားပြီးဖြစ်ကြောင်း၊ နောက်ထပ်တက်လာသည့်ခေါင်းဆောင်များကိုလည်း ချေမှုန်းသွားမည်ဖြစ်ကြောင်းနှင့် တစ်ချိန်တည်းမှာပင် ၎င်းကိုယ်တိုင်ကပင် အီရန်နိုင်ငံ၏ ချေမှုန်းခြင်းကိုခံရနိုင်သည့် နံပါတ် ၁ ပစ်မှတ်ဖြစ်နေကြောင်း ထရမ့်က ပြောခြင်းဖြစ်သည်။

**Ref: RT**

# ဟောင်ကောင်ဒေသထက် အဆ ၈၅၀ ပိုကြီးသည့် အလွန်အင်အားပြင်းဘာဗီမုန်တိုင်းနှင့်ရင်ဆိုင်ရန် တရုတ်အသင့်ပြင်

**ပေကျင်း၊ သဘာဝဘေး**


တရုတ်နိုင်ငံအရှေ့ပိုင်းရှိဒေသခံများအနေဖြင့် ဟောင်ကောင်ဒေသ၏အကျယ်အဝန်းထက် အဆ ၈၅၀ ပိုကြီးသည့် အလွန်အင်အားပြင်းဘာဗီမုန်တိုင်းနှင့်ရင်ဆိုင်ရန်အသင့်ပြင်ဆင်ထားနေရပြီဖြစ်ကြောင်း သိရသည်။

တရုတ်မိုးလေဝသဌာနကထုတ်ပြန်သော ဂြိုဟ်တုဓာတ်ပုံများအရ ဘာဗီမုန်တိုင်း၏အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၉၄၀၀၀၀ ခန့် ရှိကြောင်းတွေ့ရသည်။ ထိုပမာဏသည် နိုင်ငံအရှေ့ပိုင်းရှိ ကျဲကျန်းပြည်နယ်ထက် ၉ ဆပိုကြီးသည့်အပြင် ဟောင်ကောင်ဒေသထက် အဆ ၈၅၀ ပိုကြီးကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ဇူလိုင်လ ၉ ရက် နံနက် ၈ နာရီအချိန် တိုင်းထွာချက်များအရ မုန်တိုင်း၏ဗဟိုချက်သည် ထိုင်ဝမ်ကျွန်းအရှေ့တောင်ဘက် ကီလုံးမြို့မှ ကီလိုမီတာ ၁၁၄၀ အကွာ၌ တည်ရှိနေကြောင်း၊ အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၉၈ ကီလိုမီတာနှုန်းရှိကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင်မုန်တိုင်းသည် ဇူလိုင်လ ၁၁ ရက်ညနေပိုင်းတွင် ဖူကျန့်ပြည်နယ်နှင့်ကျဲကျန်းပြည်နယ်တို့ကြားမှ နေ၍ကုန်းတွင်းပိုင်းသို့ဝင်ရောက်မည်ဟုခန့်မှန်းရကြောင်း၊ ထိုကဲ့သို့ ဝင်ရောက်ချိန်တွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၃၇ မှ ၁၆၂ ကီလိုမီတာအထိရှိနိုင်ကြောင်း၊ ထို့နောက်မုန်တိုင်းသည် အနောက်မြောက်ပိုင်းသို့ ဆက်လက်ရွေ့လျားပြီး အားပျော့သွားမည်ဖြစ်ကြောင်းနှင့် မုန်တိုင်း၏အရှိန်ကြောင့် လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

**Ref: SCMP, China Daily**




# အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် အာရှ-ပစိဖိတ်ဒေသ၏ စီးပွားရေးကို ဆိုးရွားစွာရိုက်ခတ်နေ

**မနီလာ၊ စီးပွားရေး**

အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများသည် အာရှ-ပစိဖိတ်ဒေသ၏ စီးပွားရေးကို မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားစွာ ရိုက်ခတ်လျက်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကထုတ်ပြန်ထားသည်။ ထို့ပြင် ADB သည်အာရှနှင့် ပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ လျှော့ချသတ်မှတ်လိုက်သည်။

အမေရိကန်နှင့် အီရန်တို့ကြား ဇွန်လအတွင်းမူဘောင်သဘောတူညီချက်တစ်ရပ် ရရှိခဲ့သော်လည်း စွမ်းအင်ကဏ္ဍသာမက မြေသြဇာ၊ အခြားကုန်စည်ဈေးနှုန်းများနှင့် ကုန်စည်ထောက်ပံ့ရေးကွင်းဆက်များအပေါ် သက်ရောက်မှုများ ဆက်ရှိနေဆဲဖြစ်သဖြင့် ငွေကြေးဖောင်းပွမှု ဖိအားမှာလည်း ဆက်လက်မြင့်တက်နေမည်ဟု ADB က ခန့်မှန်းထားသည်။

ယခုအခါ ပဋိပက္ခများ ပြန်လည်ပြင်းထန်လာခြင်းနှင့် ပထဝီနိုင်ငံရေး မရေရာမှုများသည် စွမ်းအင်ဈေးကွက်အပေါ်သက်ရောက်မှုကြီးမားစေပြီး ဘဏ္ဍာရေးစရိတ်များ မြင့်တက်လာကာ နိုင်ငံအများအပြားတွင် ဘတ်ဂျက်လိုငွေပြမှုများ ပိုမိုဖြစ်ပေါ်လာစေနိုင်သည်။ ထို့ပြင် မြေသြဇာဈေးနှုန်းများ တက်လာခြင်းက စိုက်ပျိုးရေးထုတ်လုပ်မှုနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုကို ကြီးမားသော ခြိမ်းခြောက်မှုဖြစ်စေကြောင်း ADB က သတိပေးထားသည်။ **Ref: Xinhua**

# ဂျာမနီက အမေရိကန်မှ တိုမာဟော့ဒုံးကျည်များကို ဝယ်ယူမည်



**ဘာလင်၊ စစ်ရေး**

ဂျာမနီနိုင်ငံသည် အမေရိကန်မှ တိုမာဟော့ဒုံးကျည်များကိုဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ထိုဒုံးကျည်များကို ဂျာမနီနိုင်ငံ၏မြေပေါ်တွင် တပ်ဆင်ထားရှိမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် ဖရိုင်းရစ်မာ့ဇ်က ဇူလိုင်လ ၉ ရက်တွင်ပြောသည်။

အဆိုပါဒုံးကျည်များဝယ်ယူမည့် သဘောတူညီချက်ကို NATO တပ်ဖွဲ့ထိပ်သီးညီလာခံ၏ ဘေးပန်းတွေ့ဆုံမှု၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုညီလာခံသည် မျှော်မှန်းထားသည်ထက် ပိုလွန်ကြောင်း ဂျာမနီဝန်ကြီးချုပ်က လွှတ်တော်အမတ်များကိုပြောသည်။

ဥရောပမဟာမိတ်များအနေဖြင့် ကိုယ့်လုံခြုံရေးအတွက် ကိုယ်တိုင်ငွေကုန်ကြေးကျခံရမည်ဖြစ်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သဘောထားချမှတ်ထားစဉ် ဂျာမနီက ယခုကဲ့သို့ အမေရိကန်ထုတ်လက်နက်များကို ဝယ်ယူလာခြင်းဖြစ်သည်။

**Ref: ST**

# ကွမ်ရှီးပြည်နယ်၌ရေကြီးမှု သေဆုံးသူ ၃၉ ဦးအထိမြင့်တက်လာ

**ကန်တန်၊ သဘာဝဘေး**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ်၌ဖြစ်ပွားသော ရေကြီးမှုများအတွင်းသေဆုံးသူဦးရေသည် ဇူလိုင်လ ၉ ရက်တွင် ၃၉ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်းနှင့် ပျောက်ဆုံးနေသူကိုးဦးရှိကြောင်း တရုတ်နိုင်ငံပိုင် သတင်းဌာနများကဖော်ပြထားသည်။

နိုင်ငံတောင်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားရခြင်းဖြစ်ပြီး ဆည်တစ်ခုကျိုးပေါက်ခြင်းကြောင့် လူ ၂၆ ဦးသေဆုံးကာ ခုနစ်ဦးပျောက်ဆုံးနေခြင်းဖြစ်သည်။

ယခုအခါ ရေကြီးမှုလျော့ကျနေပြီဖြစ်သည့်အတွက် ဒေသခံများက စုပေါင်းကာ သန့်ရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်နေကြောင်းနှင့် ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေကယ်ဆယ်ရေးကို ဆက်လုပ်နေကြောင်း သိရသည်။ **Ref: ST**

# အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက တည်ဆောက်စို့

မြတ်မင်းဦး(ကာယ၊ ကျောင်းကျန်းမာ)

"ကျန်းမာခြင်း" ဟူသော ဝေါဟာရအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization WHO) မှ "ကျန်းမာခြင်းဆိုသည်မှာ လူတစ်ယောက်အဖို့ ရောဂါဘယကင်းစင်နေရုံသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများနှင့် ပြည့်စုံနေသည့်အပြင် ကျိုးခြင်း၊ ကန်းခြင်း၊ ဆွံ့အခြင်းအပေါင်းတို့မှ ကင်းဝေးစွာဖြင့် ကျန်းမာစွာတည်ရှိနေသော အခြေအနေကို ခေါ်ဆိုကြောင်း" အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ "ကျောင်းကျန်းမာရေး" ဟု ဆိုရာတွင် "ကျောင်းအသိုင်းအဝိုင်းဝင်များအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝကောင်းမွန်ရေးအခြေအနေ တစ်ရပ်ရရှိရန် ကြိုးပမ်းခြင်း" ဖြစ်ပြီး ကျောင်းကျန်းမာရေးပညာပေး လုပ်ငန်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းအစီအစဉ်များ ပါဝင်သည်။

မြန်မာနိုင်ငံသည် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက်ရန်" မျှော်မှန်းချက်ထားရှိသည့်အတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ပညာရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်သော အခြေခံပညာကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ အခြေခံပညာကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်၊ ဆရာ၊ ဆရာမများ အရည်အချင်းပြည့်ဝစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်ဝစေရန် အတွက် အခြေခံကျန်းမာရေးကောင်းမွန်ရန် အလွန်ပင်လိုအပ်လှသည်။

"အမျိုးသားယဉ်ကျေးမှုအစ စာသင်ကျောင်းက" ဟု ဆိုကြသလို "အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက" ဟုလည်း ဆိုလိုက်ချင်ရာ ငယ်စဉ်ကာလကတည်းက ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများကို လေ့ကျင့်သင်ကြားပေးရာတွင် စာသင်ကျောင်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်ကို နိုင်ငံတကာသုတေသန လေ့လာချက်များက ဖော်ပြထားသည်။ ကျောင်းများကိုအခြေပြုသော ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများသည် ရေတို၊ ရေရှည်တွင် အကျိုးများပြားလှသဖြင့် ရင်းနှီးမြှုပ်နှံသင့်သော ကဏ္ဍကြီးတစ်ခုဖြစ်သည်။

**ကျောင်းကျန်းမာရေးပညာပေးခြင်းနှင့် ရည်ရွယ်ချက်များ**

ကျောင်းကျန်းမာရေးပညာပေးခြင်းဆိုသည်မှာ ကျောင်းသားလူငယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်၍ ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာရေးကောင်းမွန်စေရန်အတွက် အန္တရာယ်ရှိသောအပြုအမူများကိုရှောင်ကြဉ်ပြီး သိပ္ပံနည်းကျလမ်းမှန်သည့် အလေ့အကျင့်ကောင်းများအား ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။ အမူအကျင့်များသည် ဘဝအစ ငယ်ရွယ်စဉ်ကတည်းက ဖြစ်ပေါ်လာပြီး ၎င်းအမူအကျင့်ကို နောင်တွင် ပြောင်းလဲနိုင်ရန် ခက်ခဲတတ်သည့်အပြင် ဘဝတစ်သက်တာလုံးအတွက် အကျိုးသက်ရောက်မှုရှိစေနိုင်သည်၊ ကျောင်းကျန်းမာရေးပညာပေးခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- ကျောင်းသားများအား တိကျမှန်ကန်သော ကျန်းမာရေးအသိပညာ ရရှိစေရန်၊
- မှန်ကန်သော ကျန်းမာရေးသဘောထားများ ကျောင်းသားဘဝမှ အစပြု၍ တစ်သက်တာထားရှိတတ်စေရန်၊
- လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ကြိုးစားတတ်ရန်နှင့် ကိုယ်စိတ်တိုးတက်ဖွံ့ဖြိုးမှုရရှိစေရန်၊
- ကျန်းမာရေးအတွက် ကောင်းသောအလေ့အကျင့်များ ငယ်စဉ်အခါမှအစပြု၍ရရှိရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်သွားတတ်ရန်၊
- မှားယွင်းသောစွဲလမ်းယုံကြည်ချက်များ ပပျောက်စေရန်နှင့် အကြောင်းအကျိုးဆက်စပ် တွေးတောတတ်စေရန်၊
- မိသားစုစိတ်ဓာတ်ဖြင့် ရပ်ရွာမှအစ တိုင်းပြည်အတွက် ကျန်းမာရေးဆိုင်ရာလုပ်ငန်းတာဝန်များတွင် ပါဝင်ကူညီလိုစိတ် ပေါ်ပေါက်လာစေရန်။

**ကျောင်းကျန်းမာရေးလုပ်ငန်းစဉ် (၅)ရပ်**

အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ရန်အတွက် အဓိကလုပ်ငန်းအစီအစဉ် (၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့မှာ -

(၁) ဆေးစစ်ဆေးခြင်း၊

(၂) ဆေးကုသခြင်း၊

(၃) ကာကွယ်ဆေးထိုးခြင်း၊

(၄) ကျန်းမာရေးပညာပေးခြင်းနှင့်

(၅) ကျောင်းနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ ဖြစ်ကြသည်။

**ကျောင်းကျန်းမာရေးနှင့် ကူးစက်ရောဂါ ကာကွယ်ရေးတုံ့ပြန်မှု**

ကျောင်းများတွင် ကူးစက်မြန်ရောဂါများ ပြန့်ပွားမှုမရှိစေရန် အတွက် အောက်ပါအခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရမည်ဖြစ်သည် -

**ဖျားနာပါက ကျောင်းသို့မလာရန်စီမံခြင်း** - ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် (၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)နှင့်အထက်ရှိခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းဖြစ်ပါက ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဌာနတွင် ဆေးကုသမှုခံယူစေရမည်။

**လက်ကို ပုံမှန်ဆေးကြောခြင်း** - အစာမစားမီနှင့် အိမ်သာတက်ပြီးနောက် လက်ကို ရေနှင့်ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ စနစ်တကျ ဆေးကြောစေခြင်း သို့မဟုတ် လက်သန့်ဆေးရည်သုံးစွဲစေခြင်း။ ၎င်းသည် ဝမ်းပျက်ဝမ်းလျှောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ၅၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်သည်။

**အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျင့်ဝတ်** - ချောင်းဆိုးခြင်း၊ နှာချေလျှင် တံတောင်ဆစ်ကိုကွေး၍ ကာကွယ်ခြင်းနှင့် လူစုလူဝေးရှိရာတွင် မျက်နှာဖုံး (Mask) စနစ်တကျတပ်ဆင်ခြင်း။

**အစုလိုက်ကျောင်းပျက်မှု သတင်းပို့ခြင်း** - တစ်ပြိုင်နက်တည်း အစုလိုက်ကျောင်းပျက်သော ကျောင်းသားများစာရင်းရှိပါက ကျောင်းအုပ်ကြီးများမှ ကျန်းမာရေးဌာနသို့ ချက်ချင်းပေးပို့၍ ကူးစက်ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စစ်ဆေးကြည့်ရှုရမည်။

**ကျောင်းမုန့်ဈေးတန်း ဘေးကင်းလုံခြုံရေးနှင့် ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေး**

ကျောင်းမုန့်ဈေးတန်းသည် ကျောင်းသားလူငယ်များအတွက် တစ်နေ့တာ လိုအပ်သောစွမ်းအင်နှင့် အာဟာရ၏အစိတ်အပိုင်းတစ်ခုကို ဖြည့်ဆည်းပေးရာနေရာဖြစ်သည်။ သို့သော်လည်း စနစ်တကျ မထိန်းသိမ်းနိုင်သော မုန့်ဈေးတန်းများသည် ကလေးငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ရုံသာမက သင်ယူမှုစွမ်းရည်ကိုလည်း ကျဆင်းစေနိုင်သည်။

> **✿ ကျောင်းသားလူငယ်အရွယ်များသည် ကျန်းမာရေးနှင့် မညီညွတ်သည့် အမူအကျင့်များကို ရှောင်ကြဉ်တတ်ရန် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရမည့် အကောင်းဆုံးအသက်အရွယ်ဖြစ် . . .**
>
> **✿ မကူးစက်သောရောဂါများ ကာကွယ်နိုင်ရန် ဆေးလိပ်၊ စီးကရက်သောက်ခြင်းနှင့် ကွမ်းစားခြင်းအပါအဝင် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်းမှ ငယ်စဉ်ကတည်းက အစမပြုမိစေရန် တားမြစ်ရမည်။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သည် ဆေးလိပ်၊ ကွမ်းယာနှင့် မူးယစ်ဆေးဝါး ကင်းစင်နယ်မြေဖြစ်ရမည် . . .**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ခွင့်မပြုထားသော ဓာတုအရောင်ဆိုးဆေးများ၊ ဆေးသကြားများနှင့် တာရှည်ခံဆေးများပါဝင်သည့် ယိုစုံ၊ မုန့်ထုပ်များနှင့် သကြားလုံးများအပြင် နှစ်ခါပြန်ကြော်ဆီ၊ စားအုန်းဆီတို့ဖြင့် ကြော်ထားသော ဟမ်ဘာဂါ၊ ပီဇာ၊ အာလူးချောင်းကြော်များနှင့် အချိုမှုန့်လွန်ကဲသော မုန့်ခြောက်များ၊ သက်တမ်းလွန်အအေးခဲအသား (အကင်ချောင်း၊ ဝက်သားချောင်း)များကို လုံးဝရှောင်ကြဉ်ရမည်။ ၎င်းတို့သည် သက်ငယ်အဝလွန်ခြင်း၊ အသည်းနှင့် နှလုံးအဆီဖုံးခြင်းနှင့် မကူးစက်နိုင်သောရောဂါများကိုဖြစ်ပွားစေနိုင်သည်။

ကျောင်းသားများ၏ ကြီးထွားဖွံ့ဖြိုးမှုနှင့် အသားဓာတ်ရရှိမှုအတွက် ပဲပြုတ်ထမင်းကြော်၊ မုန့်စိမ်းပေါင်း၊ ပဲပြားအစာသွပ်၊ အာဟာရဖြည့်ဘီစကွတ် (HEB) စသည့် ပြည်တွင်းဖြစ် အဆာပြေမုန့်များကို ရောင်းချစေသင့်သည်။ ထို့ပြင် လတ်ဆတ်သော ရာသီပေါ်သစ်သီးဝလံများ (ဥပမာ - ငှက်ပျောသီး၊ သင်္ဘောသီး၊ မာလကာသီး) ကို ပိုမိုစားသုံးရန် အားပေးရမည်။ ကလေးများသည် ရေဆာချိန်တွင် ဆိုးဆေးနှင့် ဆေးသကြားပါသော အချိုရည်ဘူးများကို ရှောင်ကြဉ်ပြီး သန့်စင်သော သောက်သုံးရေကိုသာ သောက်သုံးရမည်။

**ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြင်အန္တရာယ်ကာကွယ်ရေး**

ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုသည် ခြင်မှတစ်ဆင့် ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါအပါအဝင် အခြားသောကူးစက်ရောဂါများ ကာကွယ်ရေးအတွက် အလွန်အရေးကြီးသည်။ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများသည် မိမိကျောင်းများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အိမ်သာနှင့်ရေမြောင်းများ သန့်ရှင်းရေး၊ အမှိုက်စနစ်တကျ သိုလှောင်စွန့်ပစ်ရေးတို့ကို ပိုမို အလေးထားဆောင်ရွက်ရမည်။

> **✿ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပညာရေး၏အခြေခံအုတ်မြစ်ဖြစ်သော အခြေခံပညာကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။ အခြေခံပညာကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်၊ ဆရာ၊ ဆရာမများ အရည်အချင်းပြည့်ဝစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်ဝစေရန်အတွက် အခြေခံကျန်းမာရေးကောင်းမွန်ရန် အလွန်ပင် လိုအပ်လှ . . .**

အထူးသဖြင့် ကျောင်းတွင်း ရေတင်ကျန်မှုမရှိစေရန်အတွက် တာယာဟောင်းများ၊ ဘူးခွံများ၊ အိုးခြမ်းပဲ့များတွင် ရေမဝပ်စေရန် "ဖုံး၊ သွန်၊ လဲ၊ စစ်" လုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် အပတ်စဉ် ဆောင်ရွက်ရမည်ဖြစ်သည်။ စိုစွတ်အမှိုက်နှင့် ခြောက်သွေ့အမှိုက်ကိုခွဲခြားစွန့်ပစ်ရန် အမှိုက်ပုံးများ ထားရှိပေးပြီး ကလေးငယ်များအား အမှိုက်ကို အမှိုက်ပုံးထဲသို့သာ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူပေးရမည်။

**မကူးစက်နိုင်သောရောဂါများ ကာကွယ်ရေးနှင့် လူနေမှုဘဝပုံစံပြောင်းလဲခြင်း**

ယနေ့ခေတ်ကာလတွင် လူနေမှုဘဝပုံစံနှင့် အစားအသောက်ပုံစံများ ပြောင်းလဲလာသည့်အလျောက် သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် ကင်ဆာရောဂါ စသည့်မကူးစက်သောရောဂါများ ဖြစ်ပွားမှုများပြားလျက်ရှိသည်။ ကျောင်းသားလူငယ်အရွယ်များသည် ကျန်းမာရေးနှင့် မညီညွတ်သည့် အမူအကျင့်များကို ရှောင်ကြဉ်တတ်ရန် စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရမည့် အကောင်းဆုံးအသက်အရွယ်ဖြစ်သည်။

မကူးစက်သောရောဂါများ ကာကွယ်နိုင်ရန် ဆေးလိပ်၊ စီးကရက်သောက်ခြင်းနှင့် ကွမ်းစားခြင်းအပါအဝင် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်းမှ ငယ်စဉ်ကတည်းက အစမပြုမိစေရန် တားမြစ်ရမည်။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သည် ဆေးလိပ်၊ ကွမ်းယာနှင့် မူးယစ်ဆေးဝါး ကင်းစင်နယ်မြေဖြစ်ရမည်။ ထို့ပြင် အချို၊ အဆီ၊ အဆိမ့်နှင့် အငန်လွန်ကဲစွာ စားသုံးခြင်းကို ရှောင်ကြဉ်ကာ နေ့စဉ်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း သို့မဟုတ် ကာယအေရိုးဗစ်တစ်ခုခုကို အနည်းဆုံး မိနစ် ၂၀ ခန့် ပုံမှန်ပြုလုပ်ရန်လေ့ကျင့်ပေးသင့်သည်။

**စိတ်ကျန်းမာရေးနှင့် ဆရာ၊ ဆရာမများ၏ ကဏ္ဍ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် အရ စိတ်ကျန်းမာရေးကောင်းမွန်ခြင်းဆိုသည်မှာ မိမိ၏စွမ်းဆောင်နိုင်မှုကို အမှန်အတိုင်းလက်ခံနိုင်ခြင်း၊ သာမန်တွေ့ကြုံရသည့် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ခြင်း၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာ နေထိုင်ဆက်ဆံနိုင်ခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွက် အကျိုးဖြစ်ထွန်းစေခြင်းတို့ကိုဆိုလိုသည်။

စာမျက်နှာ ၂၆ သို့ ■

■ စာမျက်နှာ ၂၅ မှအဆက်

ဆရာ၊ ဆရာမများသည် ကျောင်းသားများနှင့် နေ့စဉ်ထိတွေ့နေရသူများဖြစ်သည့်အတွက် ကလေးများ၏ စိတ်ဖိစီးမှု၊ အနိုင်ကျင့်ခံရမှု (Bullying) ရှိ၊ မရှိကို ဂရုတစိုက်စောင့်ကြည့်ပေးရန်လိုအပ်သလို ကလေးများတွင် ဖြစ်ပေါ်နေသော ကိုယ်ကာယ မကျန်းမာမှုနှင့် စိတ်ကျန်းမာရေးချို့ယွင်းချက် လက္ခဏာများကို သတိပြုမိပါက ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ချိတ်ဆက်၍ စောစီးစွာကုသပေးနိုင်ရန် ဆောင်ရွက်ရမည်။

**ကျန်းမာရေးမြှင့်တင်ကျောင်း (HPS) လုပ်ဆောင်ချက်များ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ၁၉၉၅ ခုနှစ်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းများမှတစ်ဆင့် ပြည်သူတစ်ရပ်လုံး ကျန်းမာရေးအဆင့်မြှင့်တင်ရန် Global School Health Initiative ကို စတင်ခဲ့ပြီး ကျန်းမာရေးမြှင့်တင်ကျောင်း (Health Promoting School – HPS) စီမံကိန်းကို ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးမြှင့်တင်ကျောင်း လုပ်ငန်းစဉ် (၉) ရပ်ကို ဗဟိုအဆင့်မှ ကျောင်းအဆင့်အထိ ကော်မတီများဖွဲ့စည်းကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် "မြို့နယ်အဆင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်းပေါ်ထွန်းရေးအလုပ်ရုံဆွေးနွေးပွဲ" များကို မကွေးတိုင်းဒေသကြီး မကွေးခရိုင်မြို့သစ်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမအပါအဝင် နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိပြီး ကျောင်းအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေး အဆင့်မြှင့်စေရေးလုပ်ငန်းစဉ်များကို အဆင့်လိုက် သတ်မှတ်ဆွေးနွေးအကောင်အထည်ဖော်လျက်ရှိသည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟု ဆိုသကဲ့သို့ "အမျိုးသားကျန်းမာရေး အစသည်လည်း စာသင်ကျောင်းက" ပင်ဖြစ်သည်။ ကျောင်းကျန်းမာရေးသည် ဆရာ၊ ကျောင်းသား၊ မိဘ သုံးပွင့်ဆိုင်သာမက မုန့်ဈေးသည်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည့်လုပ်ငန်းစဉ်ဖြစ်သည်။ ဆရာ၊ ဆရာမများသည် ကလေးများနှင့် နေ့စဉ်ထိတွေ့နေရသဖြင့် ကျန်းမာရေးချို့ယွင်းချက်များကို စောစီးစွာသိရှိကုသနိုင်ရန် အမြဲတစေလေ့လာအကဲခတ်နေရမည့် ကျန်းမာရေးဗိသုကာရှင်များဖြစ်ကြသည်။

"ကျောင်းကျန်းမာရေးသည်အမျိုးသားရေးတာဝန်" ဟုခံယူကာ ကျောင်းတိုင်းတွင် ကျန်းမာရေး အလေ့အကျင့်ကောင်းများကို နေ့စဉ်ကျင့်သုံးခြင်းဖြင့် လူတိုင်းကျန်းမာ၊ ချမ်းသာစွာ သက်တမ်းစေ့ နေထိုင်နိုင်ကြစေရန်အတွက် အမျိုးသားကျန်းမာရေး၏ အခြေခံအုတ်မြစ်ဖြစ်သော ကျောင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအသိပညာ အမူအကျင့်ကောင်းများကိုမြှင့်တင်၍ **"အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက တည်ဆောက်စို့"** ဟု နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါတော့သည်။ ။

**ကိုးကား –**

**နေ့စဉ်ထုတ်သတင်းစာများ။**

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန။ (၂၀၂၆)။ အခြေခံပညာကျောင်းသားများအတွက် အာဟာရဆိုင်ရာ လမ်းညွှန်ချက်များနှင့် ကျောင်းမုန့်ဈေးတန်းဘေးကင်းရေး ညွှန်ကြားချက်များ။ နေပြည်တော်။**

**ကျောင်းကျန်းမာရေးလက်စွဲ။ (၂၀၁၉)။ အားကစားဝန်ကြီးဌာန၊ နေပြည်တော်။ ကျောင်းကျန်းမာရေးလက်စွဲနှင့် လုပ်ငန်းစဉ်များ။**

**လွင်သန့်၊ ဒေါက်တာ။ (၂၀၂၅)။ "ကိုဗစ်-၁၉ မျိုးစိတ်သစ်များနှင့် စနစ်တကျ ကာကွယ်နေထိုင်ရေး"၊ မြဝတီနေ့စဉ်သတင်းစာ၊ အတွဲ (၁၅)၊ အမှတ် (၁၇)၊ ဇူလိုင် ၁၄ ရက်၊ ၂၀၂၀ ပြည့်နှစ်။**

**မြင့်မြင့်သန်း၊ ဒေါက်တာ & ဖြူဖြူအေး၊ ဒေါက်တာ။ (၂၀၂၀)။ ကျောင်းများကိုအခြေပြု၍ ကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာ ဆောင်းပါးညွှန်းကိန်းများ။ မြန်မာ့ဒစ်ဂျစ်တယ်သတင်းစာ။**

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)။ (၁၉၉၅)။ ကမ္ဘာလုံးဆိုင်ရာ ကျောင်းကျန်းမာရေး အစီအစဉ်ဆိုင်ရာ အစီရင်ခံစာ- ကျန်းမာရေးမြှင့်တင်ရေးကျောင်းများ။ ဂျီနီဗာ။**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၆ ဝါသနာရှင်နှင့် သက်ကြီးတန်းဂေါက်သီးပြိုင်ပွဲ ဩဂုတ်လဆန်းတွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပပြီး SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation(Myanmar)တို့က အဓိက ပံ့ပိုးကူညီသည့် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၆ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (Amateur) နှင့် ဝါသနာရှင်သက်ကြီးတန်း (Senior Amateur) ပြိုင်ပွဲများကို ဩဂုတ်လ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားဝါသနာရှင် (Amateur)အဆင့်၌ Handicap 0 မှ 12 အတွင်းရှိ ကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဝါသနာရှင်သက်ကြီးတန်း (Senior Amateur) အမျိုးသားပြိုင်ပွဲ၌ Handicap 0 မှ 18 အတွင်းရှိ အသက် ၅၅ နှစ်မှ ၆၀ နှစ်၊ ၆၁ နှစ်မှ ၆၅ နှစ်နှင့် ၆၆ နှစ်မှ ၇၅ နှစ် အထိ ကစားသမားများကို အသက်အုပ်စုအလိုက် ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ယင်းပြိုင်ပွဲကို R&A Rules Limited နှင့် United States Golf Association (USGA) တို့ ပြဋ္ဌာန်းထားသည့် Rules of Golf 2023 နှင့် ပြိုင်ပွဲဒေသန္တရစည်းမျဉ်းများနှင့်အညီ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသည့် ကစားသမားများအနေဖြင့် ဩဂုတ်လ ၁ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၃၀၀၀၀ ပေးသွင်းကာ ၀၉-၄၂၁၀၀၂၂၅၉ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်သည်။ ယခင်က စာရင်းပေးသွင်းထားသူများသည်လည်း မိမိတို့၏စာရင်းကို ပြန်လည်အတည်ပြုရန် လိုအပ်ကြောင်း သိရသည်။ ထို့ပြင် ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်ကစားသမားများသည် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် အသိအမှတ်ပြု World Handicap System (WHS) Handicap Index Card နှင့် မိမိအသင်းဝင်ဂေါက်ကလပ်မှထုတ်ပေးထားသော Handicap ထောက်ခံစာတို့ကို စာရင်းပေးသွင်းရာတွင် ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။ MGF

# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မိုးထိကျောင်းခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင်လ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာထိခိုက်မှုများ၊ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ မူးယစ်ဥပဒေများအကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ချိန်များတွင် မိမိအတွက်ဗဟုသုတရရှိစေမည့် စာအုပ်စာပေများလေ့လာဖတ်ရှုမှတ်သားကြရန် ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ဦးမျိုး(ဗိုလ်သနိုးမြေ)**

# မင်းလှမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မင်းလှ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သရက်-မင်းလှကားလမ်း မိုင်တိုင်အမှတ် (၅၂/၀) ရွှေတောင်တန်း သစ်ဆိမ့်တောရကျောင်းအလွန် မြေကွက်လပ်၌ ၂၀၂၆ ခုနှစ် မိုးရာသီ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသိုက်စိုးဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယင်ယင်အောင်နှင့် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က စိုက်ပျိုးမည့် ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိုက်စိုးဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယင်ယင်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပျိုးပင် ၄၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# ဝေါမြို့နယ်၌ စာဖတ်ရှုမြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဝေါ ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုဂံ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇူလိုင်လ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပုဂံမှ ကျောင်းအုပ်ဆရာကြီး ဦးတင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးအောင်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုဂံကျောင်းမှ Grade-9 ကျောင်းသူ မဇွန်မြတ်နိုးအောင်က ပညာရေးကဘာဝကို ပြောင်းလဲပေးနိုင်သောအင်အား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသား မောင်သက်လှိုင်ဝင်းက အနာဂတ်လူငယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-8 ကျောင်းသူ မသဲဆုလှိုင်က လူငယ်ရဲ့အသံ နိုင်ငံရဲ့အား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသူ မပေရယ်သန်းက မီဒီယာနဲ့လူငယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 ကျောင်းသား မောင်ရဲရင့်ဘုန်းမာန်က အိမ်ငွေကြေး၏အရေးပါပုံ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် - ၅၂ စားသုံးသူရေးရာဦးစီးဌာန ရုံးအနီးရှိ မြေကွက်လပ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားပြီး ရတနာတန်းဝင်ကျွန်းပင်အား စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးဝင်းမြင့်ခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြသည်။ ယခုနှစ် မိုးရာသီတွင် ရတနာတန်းဝင်ကျွန်းပင် ၆၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် ၂၃၀ ကေဗွီ နေပြည်တော်(၁) ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းကို ဇူလိုင်လ ၁၁ ရက်နေ့ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေနံ့သာရပ်ကွက်နှင့် ကျေးရွာ (၅၁) ရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့်အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြဝတီ

## ၉-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လူမှုရေး/စီးပွားရေးကြော်ငြာများ (30 % Discount Off )

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၄၄၄၄၁၈၆၉၁
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

နိုင်ဝင်း(ဘ)ဦးဆာမိ ၇/သနပ(နိုင်)၀၀၁၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၂၉၃၂၈၂၆

**အမည်ပြောင်း**

အ.ထ.က(ကံပေါက်)Grade-2 မှ ၆/ရဖန(နိုင်)၀၇၆၁၉၄ ကိုင်ဆောင်သူ ဦးဇော်မင်းထွန်း၏သား မောင်ဖြိုးသီဟအား မောင်ဖြိုးမင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဖြိုးမင်းထက်

**ပျောက်ဆုံးကြောင်း**

အောင်လွင်(ဘ)ဦးသိန်းလွင် ၁၂/ဗဟန(နိုင်)၀၇၉၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၃၇၈၅၅၀

**ပျောက်ဆုံးကြောင်း**

သိန်းဇော်နိုင်(ဘ)ဦးကျော်လွင် ၁၂/လကန(နိုင်)၁၇၄၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၇၂၀၀၀၇

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက-ကြို့ပင်ကောက်၊ Grade-12 မှ မောင်ထက်ရှိုင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဇင် ၇/အဖန(နိုင်)၀၇၆၁၄၀ ဖြစ်ပါကြောင်း။

ဦးမောင်မောင်ဇင်

**ပျောက်ဆုံးကြောင်း**

စန်းယု(ဘ)ဦးစော ၇/ပခန(နိုင်)၂၄၁၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၅၉၂၅၁၆

**ပျောက်ဆုံးကြောင်း**

မျိုးမင်းအောင်(ဘ)ဦးလှငွေ ၁၄/ဖပန(နိုင်)၂၀၈၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 600051)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၃၂၅၂၃၇

**ပျောက်ဆုံးကြောင်း**

ယွန်းအိအိစံ(ဘ)ဦးနိုင်အေး ၇/အတန(နိုင်)၁၅၄၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၆၀၃၆၈၅

**ပျောက်ဆုံးကြောင်း**

အေးခမ်းမိုး(ဘ)ဦးဖြန့်ရှမ်း ၂/လကန(နိုင်)၁၁၅၄၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၄၇၀၃၄၅

**ပျောက်ဆုံးကြောင်း**

အိအိဝင်း(ဘ)ဦးချက်ကြီး ၉/နထက(နိုင်)၁၄၁၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၅၃၂၇၁၆၈

**ပျောက်ဆုံးကြောင်း**

ပြည့်ဖြိုးအောင်(ဘ)ဦးစန်းလွင် ၁၂/သဃက(နိုင်)၂၁၉၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၄၄၄၉၆၁

**ပျောက်ဆုံးကြောင်း**

စန်းအိဖြိုး(ဘ)ဦးမောင်မောင်ငြိမ်း ၁၄/လပတ(နိုင်)၂၆၉၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၉၁၂၈၆၁၁

**ပျောက်ဆုံးကြောင်း**

ဝေဝေလင်း(ဘ)ဦးထွန်းထွန်း ၁၄/ဟကက(နိုင်)၀၀၄၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၁၇၅၈၄၂

**ပျောက်ဆုံးကြောင်း**

စူရင်ဒါရ်ကူးမား(ခ)တင်စိုး ၇/ဖမန(ပြု)၀၁၁၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 881291)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## "ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း"

အမှတ်(K-7)၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းတွင်ဖွင့်လှစ်ထားရှိသော မြင့်မြတ်သဒ္ဓါထရိတ်ဒင်းကုမ္ပဏီလီမိတက်(MYINT MYAT THADAR TRADING COMPANY LIMITED)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။




အထက်ဖော်ပြပါ "SOFSKIN"လုပ်ငန်း ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၁၆၄၅/ ၂၀၁၉)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်းနှင့် ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို Skin Care အမျိုးမျိုးဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ မြင့်မြတ်သဒ္ဓါ ထရိတ်ဒင်းကုမ္ပဏီလီမိတက်အနေဖြင့် အိန္ဒိယနိုင်ငံ KIM CHEMICALS LIMITED ကထုတ်လုပ်သော "SOFSKIN"အမှတ်တံဆိပ် Skin Care အမျိုးမျိုးအား မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါကုန်အမှတ်တံဆိပ်အား ပစ္စည်းအမျိုးမျိုးတွင် ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ ပလတ်စတစ်ဘူး၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ပါဆယ်ထုပ်များနှင့်ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအမျိုးမျိုး အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ အထက်ဖော်ပြပါ "SOFSKIN"အမှတ်တံဆိပ်အမည်အမှတ်အသားကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်ပြီး အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ "SOFSKIN"လုပ်ငန်းကုန်အမှတ်တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူ၊ ပုံမှား၊ ထင်ထောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား၊ အတုပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင့်မြတ်သဒ္ဓါထရိတ်ဒင်းကုမ္ပဏီလီမိတက် (MYINT MYAT THADAR TRADING COMPANY LIMITED)၏ လွှဲအပ်ချက်အရ-

**ဦးစိုင်းဝင်းမြင့်ရင်**
**၁၂/ကတတ(နိုင်)၀၁၆၅၆၀**
**မန်နေးဂျင်းဒါရိုက်တာ**
**မြင့်မြတ်သဒ္ဓါထရိတ်ဒင်း**

**ဒေါ်တင်ဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်-၇၁၀ စစ်ကိုင်း/၂၅ လမ်း၊ (၅)ရပ်ကွက်**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အချက်အလက်နှင့် ပွဲကြိုသုံးသပ်ချက်

စည်သူအောင်

## စပိန် - ဘယ်လ်ဂျီယံ

ကစားမည့်ရက်/အချိန်
(၁၁-၇-၂၀၂၆ နံနက် ၁ နာရီခွဲ)

| စပိန်အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ် | ဘယ်လ်ဂျီယံအသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များရလဒ် |
|---|---|
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| စပိန် ၀ - ၀ ကိတ်ဗာဒီ | ဘယ်လ်ဂျီယံ ၁ - ၁ အီဂျစ် |
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| စပိန် ၄ - ၀ ဆော်ဒီ | ဘယ်လ်ဂျီယံ ၀ - ၀ အီရန် |
| အုပ်စုအဆင့်ပွဲစဉ်ရလဒ် | အုပ်စုအဆင့်ပွဲစဉ်ရလဒ် |
| ဥရုဂွေး ၀ - ၁ စပိန် | နယူးဇီလန် ၁ - ၅ ဘယ်လ်ဂျီယံ |
| ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် | ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် |
| စပိန် ၃ - ၀ ဩစတြီးယား | ဘယ်လ်ဂျီယံ ၃ - ၂ ဆီနီဂေါ |
| ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် | ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်ရလဒ် |
| ပေါ်တူဂီ ၀ - ၁ စပိန် | အမေရိကန် ၁ - ၄ ဘယ်လ်ဂျီယံ |




စပိန်အသင်းရဲ့ထူးခြားချက်ကတော့ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ငါးပွဲကစားပြီးချိန်အထိ တစ်ဂိုးမှမပေးရအောင် စွမ်းဆောင်ထားနိုင်ခဲ့တဲ့ တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေပါတယ်။ လူငယ်ကစားသမားအများစုနဲ့စုဖွဲ့လာတဲ့ စပိန်အသင်းရဲ့ခြေစွမ်းပိုင်းက ချန်ပီယံမျှော်လင့်နိုင်တဲ့ခြေစွမ်းမျိုးပိုင်ဆိုင်ထားလို့ ဘယ်လ်ဂျီယံအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။

ဘယ်လ်ဂျီယံအသင်းကတော့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာနိုင်ခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိပါဘူး။ ဘယ်လ်ဂျီယံအသင်းအတွက် အခုပွဲစဉ်မှာလည်း စပိန်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲနိုင်လို့ စပိန်အသင်းပဲ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်မှာပါ။

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ သတင်းအတိုများ

စပိန်အသင်းဂိုးသမား ဆိုင်မွန်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်စွမ်းပြလျက်ရှိပြီး အုပ်စုပွဲစဉ်သုံးပွဲ၊ ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်တစ်ပွဲနှင့် ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်တစ်ပွဲ စုစုပေါင်း ငါးပွဲကစားပြီး ငါးပွဲစလုံး ဂိုးမပေးထားရသည့်အတွက် ရွှေလက်အိတ်ဆုရရှိရန် နီးစပ်လျက်ရှိသည်။






အမေရိကန်အမျိုးသားလက်ရွေးစင်အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၆ သင်းရှုံးထွက်အဆင့်ထိသာ တက်ရောက်နိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင်ရရှိမည့် ဆုကြေးများကို အမေရိကန်အမျိုးသမီးအသင်းကိုပါ ဆုကြေးများ ပေးအပ်မည်ဖြစ်သည်။

အီဂျစ်အသင်းက အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များကြောင့် အာဂျင်တီးနားအသင်းနှင့် အီဂျစ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်တွင် တာဝန်ယူခဲ့သည့် ဒိုင်လူကြီးများကို တာဝန်မှ ရပ်ဆိုင်းပေးရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ထံ တောင်းဆိုခဲ့သည်။



# ပေါ်တူဂီအသင်းက လစ်လပ်နေသည့်အသင်းနည်းပြ ရာထူးအတွက် နည်းပြဂျေ့ဇ်ဂျီဆပ်အား ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ တာဝန်ပေးခန့်အပ်



လစ္စဘွန်း ဇူလိုင် ၉

ပေါ်တူဂီအသင်းက နည်းပြမာတီနက်ဇ်နှင့် လမ်းခွဲပြီးနောက် လစ်လပ်နေသော အသင်းနည်းပြသစ်ရာထူးအတွက် နည်းပြဟောင်းတစ်ဦးဖြစ်သည့် ဂျေ့ဇ်ဂျီဆပ်အား ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

နည်းပြမာတီနက်ဇ်သည် ပေါ်တူဂီအသင်းကို ၂၀၂၃ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းကို ဥရောပနေးရှင်းလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ခြင်းမရှိဘဲ စပိန်အသင်းကိုရှုံးနိမ့်ကာ လမ်းခွဲခဲ့ပြီးနောက် နည်းပြနေရာအတွက် လစ်လပ်နေခြင်းဖြစ်သည်။

အသက် ၇၁ နှစ်အရွယ် နည်းပြဂျေ့ဇ်ဂျီဆပ်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝတွင် ဘရာဂါအသင်း၊ ဘင်ဖီကာအသင်း၊ ဖီနာဘာချီအသင်း စသည့် ပေါ်တူဂီထိပ်တန်းကလပ်အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက ဆော်ဒီကလပ် အယ်နာဆာအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။

နည်းပြဂျေ့ဇ်ဂျီဆပ်သည် ပေါ်တူဂီအသင်းကို လာမည့်နေးရှင်းလိဂ်ပြိုင်ပွဲ၊ ယူရိုပြိုင်ပွဲနှင့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကာလအထိ တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

*Ref:The Athletic*

## ဟားခါးမြို့ရှိ လမ်းတည်ဆောက်ရေး၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယမန်နေ့က ချင်းပြည်နယ် ဟားခါးမြို့ တပ်ကုန်းတောင်တန်းသာသနာပြုကျောင်းသို့သွားရောက်ပြီး သာသနာရေးကိစ္စရပ်များလျှောက်ထားကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် မုံရွာ(ညောင်ပင်ကြီး)-ပုလဲ-ဂန့်ဂေါ - ဟားခါးလမ်း (၃၁၃ ဒသမ ၄၆၀ ကီလိုမီတာမှ ၃၁၃ ဒသမ ၅၈၀ ကီလိုမီတာ) ကြား အလျား မီတာ ၁၂၀၊ ပျမ်းမျှအကျယ် ၆ ဒသမ ၂ မီတာရရန် လမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေသည့်လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်၊ မိုးရာသီတွင် ရေမတင်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြိုတင်စုဖွဲ့၍ အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ ဆောင်ရွက်မည့် လျာထားချက်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားကာ လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ချင်းပြည်နယ် ဟားခါးမြို့ရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့စုပေါင်းရုံး တောင်ဇလပ်ခန်းမ၌ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **မြဝတီ**

### စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပါသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရပါသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရပါသည်။ **မြဝတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၁-၇-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၅-၅-၂၀၂၆ ရက်နေ့မှ ၅-၆-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် သုံးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အထွေထွေခုနစ်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ငါးဦး၊ စုစုပေါင်း ၁၅ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၁၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၃၀ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၀၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ



နေပြည်တော် ဇူလိုင် ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၃၁ ဒသမ ၅၈၅၆)တန်၊ သစ်မာ (၁၃ ဒသမ ၇၂၃၀)တန်၊ အခြား (၃၄ ဒသမ ၈၃၆၆)တန်၊ စုစုပေါင်း (၈၀ ဒသမ ၁၄၅၂)တန်၊ ယာဉ်/ယန္တရား (၁)စီး၊ တရားခံ (၃)ဦး**ဖမ်းဆီးရမိခဲ့ကြောင်းသစ်တောဦးစီးဌာနမှသိရသည်။ **မြဝတီ**

## အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၉

အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ် နှစ်၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရိုးလေး(ငြိမ်းချမ်း)ကျေးရွာနေ မ----၊(၂၁)နှစ်သည် ၂၀၂၅ ခုနှစ်၊ ဇွန်လခန့်က ညီမဖြစ်သူတွင် မျက်လုံးတိမ်စွဲရောဂါရှိသဖြင့် ရေမန်းဖြင့်ကုသရန် ဒေါ်မြသန္တာခိုင်(လိပ်စာတူ)ထံတွင် ကုသခဲ့ရာမှ ခင်မင်ရင်းနှီးခဲ့ကြောင်း၊ အမျိုးသမီးငယ်မှ မိသားစုအခက်အခဲနှင့် အကြွေးများရှိကြောင်းပြောပြခဲ့ရာ ဒေါ်မြသန္တာခိုင်က တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း(၁၀၀)ရမည်၊ လမ်းစရိတ်ကုန်ကျခံပို့ပေးမည်၊ တစ်နှစ်ပေါင်းသင်းနေထိုင်ရမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း။

ထို့နောက် ဒေါ်မြသန္တာခိုင်နှင့် ဒေါ်ခင်မြကျော်(လိပ်စာတူ)တို့ (၂)ဦးက အမျိုးသမီးငယ်၏ နေအိမ်သို့ရောက်ရှိလာပြီး မနန်း(စိစစ်ဆဲ)ဆိုသူကို ငွေကျပ်သိန်း(၁၅၀)ပေးရန် ပြောထားကြောင်းနှင့် အမျိုးသမီးငယ်၏ ဓာတ်ပုံအား မနန်းထံသို့ပို့ခဲ့ကြောင်း၊ အမျိုးသမီးငယ်က ညီမဖြစ်သူ ဆေးကုသရန်အတွက် ဒေါ်ခင်မြကျော်ထံမှ ငွေကျပ်(၆)သိန်း ထုတ်ယူခဲ့ကြောင်း၊ ရန်ကုန်မှ မန္တလေးသို့ ဒေါ်မြသန္တာခိုင်၊ ဒေါ်ခင်မြကျော်တို့နှင့်အတူ သွားရောက်ခဲ့ပြီး မန္တလေးမှ မူဆယ်သို့ တစ်ဦးတည်းသွားရောက်ရန် ၎င်းတို့စီစဉ်ပေးသည့် အငှားယာဉ်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း စိစစ်ပေါ်ပေါက်ခဲ့သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှတရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောနယ်မြေရဲစခန်း (ပ)၃၆/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင်လ ၇ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ ဒေါ်မြသန္တာခိုင်နှင့် ဒေါ်ခင်မြကျော်တို့ ၂ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)ဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ်၂၀ စီကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၉

ယနေ့နံနက် ၉ နာရီ ၂၉ မိနစ် ၄၃ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှအနောက်တောင်ဘက် ၇၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကနီမြို့၏အနောက်-အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ၄၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၉ ဒီဂရီ၊ အနက် ၇၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
RHINO
PORTLAND CEMENT
DOUBLE ELEPHANT
PORTLAND CEMENT
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၂၆ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အခြေခံစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


" မှန်သည် မြန်သည် ငြိမ်သည် "
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
MPU
UnionPay
Phone No : (01) 2301367, 2301368, 2301452, 2301378

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၉

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စာမျက်နှာ ၅ ကော်လံ ၁ ◆



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


ဆောင်းပါး

လယ်ယာဘေးထွက်ပစ္စည်းမှသည် တန်ဖိုးမြင့်မှိုစိုက်ပျိုးရေးဆီသို့ စာ - ၁၃ သို့

အမျိုးသားကျန်းမာရေးအစီအစဉ်ကျောင်းက တည်ဆောက်စို့ စာ - ၂၅ သို့

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၆ ဝါသနာရှင်နှင့် သက်ကြီးတန်းဂေါက်သီးပြိုင်ပွဲ ဩဂုတ်လဆန်းတွင် ကျင်းပမည် စာ - ၂၆ သို့


# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်တစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်



တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်မှ အမှုထမ်းများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၉

တနင်္သာရီတိုင်းဒေသကြီး၊ ဟိန်းဇဲဘုတ်ကျွန်းအနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ကုလားကုတ်ကျွန်း၏အနောက်ဘက် ရေမိုင် ၂၇.၅ မိုင်အကွာ၌ **MV ATK Nyein** အမည်ရှိ ကုန်တင်ရေယာဉ်တစ်စင်းရေဝင်နစ်မြုပ်နေကြောင်း MV Oceanstar ကုန်တင်ရေယာဉ်၏ သတင်းပေးပို့ချက်အရ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရာ ဇူလိုင်လ ၈ ရက်၊ ည ၆ နာရီ ၃၀ မိနစ်ခန့်တွင် ရေဝင်နစ်မြုပ်နေသည့် ကုန်တင်ရေယာဉ်အားတွေ့ရှိခဲ့ပြီး ကုန်တင်ရေယာဉ်ပေါ်တွင် လိုက်ပါလာသော စာမျက်နှာ ၁၅ ကော်လံ ၄ ➢

# အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်

ရန်ကုန် ဇူလိုင် ၉

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ အကြိမ်(၄၀)မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် ၄၈ နှစ်ရှိ အသည်းလူနာအမျိုးသားနှင့် အသက် ၂၅ နှစ်ရှိ အသည်းအလှူရှင်အမျိုးသမီး တူအရီးတို့ကို ဇူလိုင်လ ၃ ရက်က ခွဲစိတ်ကုသဆောင်ရွက်ခဲ့ပြီး လူနာနှင့်အသည်းအလှူရှင်နှစ်ဦးတို့အား အထူးကြပ်မတ်ကုသဌာနတွင်ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ စာမျက်နှာ ၂၄ ကော်လံ ၄ ❍




# မိုးကြီးမည့် သတိပေးချက်

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင်လ ၁၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စာမျက်နှာ ၁၂ ကော်လံ ၁ ●





ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရက် ၁၀၀ စီမံချက်ကာလအတွင်း ခါးပိုက်နှိုက်မှု(၁၁၇)မှုမှ တရားခံ(၉၉)ဦးတို့အား ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခဲ့ စာ - ၁၅ သို့

ဟောင်ကောင်ဒေသထက် အဆ ၈၅၀ ပိုကြီးသည့် အလွှန်အင်အားပြင်းဘာဗီမုန်တိုင်းနှင့်ရင်ဆိုင်ရန် တရုတ်အသင့်ပြင် စာ - ၂၃ သို့

ကွမ်ရှီးပြည်နယ်၌ ရေကြီးမှုသေဆုံးသူ ၃၉ ဦးအထိ မြင့်တက်လာ စာ - ၂၃ သို့